# ယောရှုမှတ်စာ

သင်ခန်းစာ တစ်

ယောရှုမှတ်စာမိတ်ဆက်

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ..... 1**

**ကျမ်းရေးသူနှင့် ရေးသားချိန် ..... 1**

**အစဉ်အလာ ရှုမြင်ချက်များ ..... 2**

**ဝေဖန်ဆန်းစစ်သော ရှုမြင်ချက်များ ..... 4**

**ဧဝံဂေလိယုံကြည်သူတို့၏ ရှုမြင်ချက်များ ..... 4**

ဖွံ့ဖြိုးတိုးတက်မှု ..... 5

ရေးသားပြီးစီးခြင်း ..... 5

**ဖွဲ့စည်းပုံနှင့်ရည်ရွယ်ချက် ..... 9**

**ပါဝင်အကြောင်းအရာနှင့် ဖွဲ့စည်းပုံ ..... 9**

သိမ်းပိုက်အောင်မြင်ခြင်း (၁-၁၂) ..... 10

လူမျိုးစုအမွေဆက်ခံခြင်းများ (၁၃-၂၂) ..... 11

ပဋိညာဉ်သစ္စာစောင့်သိခြင်း (၂၃-၂၄) ..... 11

**မူလအဓိပ္ပါယ် ..... 12**

သိမ်းပိုက်အောင်မြင်ခြင်း ..... 14

လူမျိုးစုအမွေဆက်ခံခြင်းများ ..... 18

ပဋိညာဉ်သစ္စာစောင့်သိခြင်း ..... 20

**ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်း ..... 22**

**နိုင်ငံတော်စတင်ခြင်း ..... 24**

သိမ်းပိုက်အောင်မြင်ခြင်း ..... 24

လူမျိုးစုအမွေဆက်ခံခြင်းများ ..... 25

ပဋိညာဉ်သစ္စာစောင့်သိခြင်း ..... 25

**ဆက်လက်တည်မြဲခြင်း ..... 26**

သိမ်းပိုက်အောင်မြင်ခြင်း ..... 26

လူမျိုးစုအမွေဆက်ခံခြင်းများ ..... 27

ပဋိညာဉ်သစ္စာစောင့်သိခြင်း ..... 27

**ပြီးပြည့်စုံခြင်း ..... 28**

သိမ်းပိုက်အောင်မြင်ခြင်း ..... 29

လူမျိုးစုအမွေဆက်ခံခြင်းများ ..... 29

ပဋိညာဉ်သစ္စာစောင့်သိခြင်း ..... 29





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**နိဂုံး ........................................................................................................ 30**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

ကမ္ဘာတစ်ဝှမ်းရှိလူများသည် ၎င်းတို့၏နိုင်ငံတည်ထောင်ချိန်၌ဖြစ်ပျက်ခဲ့သည့် ကြီးကျယ်ခမ်းနားသော အဖြစ်အပျက်များအပေါ် ဂုဏ်ယူလေ့ရှိကြသည်။ သို့သော် စိန်ခေါ်မှုများ၊ ဆုံးရှုံးမှုများနှင့် စိတ်ပျက်ဖွယ်ရာများကို နောက်ပိုင်းမျိုးဆက်များရင်ဆိုင်ရသောအခါ၊ ရှေးကဖြစ်ပျက်ခဲ့သည့် ထိုအဖြစ်အပျက်များ၏အရေးပါမှုကို သူတို့အားမကြာခဏသတိပေးရန် လိုအပ်သည်။ ဤဘုံအတွေ့အကြုံကို ဓမ္မဟောင်းကျမ်းမှယောရှုမှတ်စာတွင် နည်းလမ်းများစွာဖြင့်တွေ့ရသည်။ ဣသရေလလူမျိုးသည် ၎င်းတို့၏ဇာတိမြေ ခါနန်ပြည်သို့ ပထမဆုံးဝင်ရောက်လာသောအခါတွင် ကြီးကျယ်ခမ်းနားသော အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည်။ သို့သော် နောက်ပိုင်းမျိုးဆက်များသည် အခက်အခဲများကို ကြုံတွေ့လာရသောကြောင့်၊ ထိုအဖြစ်အပျက်များသည် မည်မျှအရေးကြီးကြောင်းကို ပြန်လည်လေ့လာရန်လိုအပ်လာသည်။

ဤသင်ခန်းစာသည် *ယောရှုမှတ်စာ* စာစဉ်ထဲမှ ပထမသင်ခန်းစာဖြစ်ပြီး "ယောရှုမှတ်စာမိတ်ဆက်" ဟုခေါင်းစဉ်ပေးထားသည်။ ကျွန်ုပ်တို့မြင်ရသည့်အတိုင်း၊ ရှေးဣသရေလလူမျိုးအတွက် ယောရှုမှတ်စာသည် မည်မျှအရေးပါသည်ကိုလေ့လာခြင်းဖြင့်၊ ကျွန်ုပ်တို့ခေတ်တွင်လည်း ၎င်းသည် ကျွန်ုပ်တို့အတွက် မည်မျှအရေးပါသည်ကို ပိုမိုသိရှိလာစေမည်ဖြစ်သည်။

ယောရှုမှတ်စာမိတ်ဆက်ကို အပိုင်းသုံးပိုင်း ခွဲခြားပါမည်။ ဦးစွာ ၎င်း၏ရေးသားသူနှင့် ရေးသားချိန်ကိုလေ့လာပါမည်။ ဒုတိယ ၎င်း၏ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ခြုံငုံသုံးသပ်ချက်ကို မိတ်ဆက်ပေးပါမည်။ တတိယ ကျမ်းအပေါ် ခရစ်ယာန်ကျင့်သုံးမှုပြုလုပ်ရာတွင် ကျွန်ုပ်တို့မှတ်သားထားရန်လိုအပ်သည့် ကျယ်ပြန့်စွာထည့်သွင်းစဉ်းစားရမည့်အရာများကို အကြမ်းဖျင်းဖော်ပြပါမည်။ ယောရှုမှတ်စာရေးသားသူနှင့်ရေးသားချိန်ကို စတင်လေ့လာကြပါစို့။

# ကျမ်းရေးသူနှင့် ရေးသားချိန်

သန့်ရှင်းသောဝိညာဉ်တော်သည် သမိုင်းမှတ်တမ်းများကို ကျွန်ုပ်တို့အားဖော်ပြရန် ယောရှုမှတ်စာကိုမှုတ်သွင်းခဲ့သည်။ သို့သော် သမိုင်းမှတ်တမ်းများကိုပုံဖော်ရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်သည် လူသားကျမ်းရေးသူများ၏အမြင်နှင့် ရည်ရွယ်ချက်များကို အသုံးပြုခဲ့ကြောင်းကိုလည်း ကျွန်ုပ်တို့သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် သမ္မာကျမ်းစာ၏အခြားအပိုင်းများကဲ့သို့ပင်၊

လူသားကျမ်းရေးသူနှင့် သူ၏ခေတ်ကာလအကြောင်းကိုပိုသိလေ၊ ယောရှုမှတ်စာကို ကျွန်ုပ်တို့ပို၍ နားလည်နိုင်လေဖြစ်သည်။

ယောရှုမှတ်စာရေးသားသူ၊ ရေးသားချိန်နှင့်ပတ်သက်၍ ရှုထောင့်သုံးရပ်ကို အတိုချုံး၍ အကြမ်းဖျင်းဖော်ပြပါမည်- ပထမ အစဉ်အလာရှုမြင်ချက်များ၊ ဒုတိယ ဝေဖန်ဆန်းစစ်သော မျက်မှောက်ခေတ်ရှုမြင်ချက်များ၊ တတိယ ဤသင်ခန်းစာတွင် ကျွန်ုပ်တို့ကိုလမ်းညွှန်ပေးမည့် ဧဝံဂေလိယုံကြည်သူတို့၏အခြေခံရှုမြင်ချက်အချို့တို့ ဖြစ်သည်။ ကျမ်းရေးသူ၊ ရေးသားချိန်နှင့် ပတ်သက်သော ရှေးအစဉ်အလာရှုမြင်ချက်များကို ဦးစွာကြည့်ကြပါစို့။

## အစဉ်အလာ ရှုမြင်ချက်များ

ယောရှုမှတ်စာရေးသူသည် အမည်မသိဖြစ်သည်။ ကျမ်းကိုယ်တိုင်နှင့် အခြားကျမ်းများတွင် ၎င်း၏နောက်ဆုံးကျမ်းရေးသူ မည်သူဖြစ်သည်ကိုမဖော်ပြပါ။ ကျွန်ုပ်တို့၏မျက်မှောက်ခေတ် ကျမ်းစာများတွင်ပါရှိသော "ယောရှုမှတ်စာ" ဟူသောအမည်သည် ကျမ်းကိုရေးသားပြီးနောက် နှစ်ပေါင်းများစွာအကြာတွင် ထည့်သွင်းခဲ့သည်။ သို့သော် ရှေးခေတ်ယုဒလူမျိုးများနှင့် ခရစ်ယာန်တို့၏ ဤကိစ္စရပ်များနှင့်ပတ်သက်သည့်သဘောထားများအား ရဗ္ဗိဆိုင်ရာအမြင်များကိုဖော်ပြသော Talmud တွင် ထင်ရှားစွာဖော်ပြထားသည်။

Talmud ပါ Tractate Baba Bathra ၁၅ ဟူသော မေးခွန်းများနှင့်အဖြေများစာစဉ်တွင် ကျွန်ုပ်တို့ဖတ်ရသည်မှာ_

> ယောရှုသည် သူ၏ကျမ်းကိုရေးခဲ့သည်ဟု [သင်ဆိုသည်]။ သို့ရာတွင်၊ "ထာဝရဘုရား၏ကျွန် နုန်၏သားယောရှုသည် အနိစ္စရောက်လေ၏" ဟုကျမ်းစာလာသည်မဟုတ်လော— ၎င်းကိုဧလာဇာက ရေးသားခဲ့သည်။ ထို့ပြင် "အာရုန်၏သား ဧလာဇာသည်လည်းအနိစ္စရောက်လေ၏" ဟုတွေ့ရသည် — ၎င်းကိုဖိနဟတ်က ရေးထားသည်။

ဤနေရာတွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ ထင်ရှားသောရဗ္ဗိဆရာများက ယောရှုမှတ်စာ၏ အစိတ်အပိုင်းအများစုကို ယောရှုကိုယ်တိုင်ရေးသားကြောင်း ဖော်ထုတ်ခဲ့ကြသည်။ သို့သော် ကျမ်း၏ အစိတ်အပိုင်းအချို့သည် ယောရှုသေဆုံးပြီးနောက်တွင် ရေးသားခဲ့ကြောင်းကိုလည်း သူတို့အသိအမှတ်ပြုခဲ့ကြသည်။ ၂၄:၂၉ တွင် ယောရှုသေဆုံးခြင်းမှတ်တမ်းကို ယဇ်ပုရောဟိတ်မင်း ဧလာဇာရေးသားကြောင်းရည်ညွှန်းကြသည်။ ၂၄:၃၃ တွင် ဧလာဇာသေဆုံးခြင်းမှတ်တမ်းကို ဧလာဇာ၏သားဖိနဟတ် ရေးသားကြောင်း မှတ်ယူကြသည်။ ဤအစဉ်အလာရှုထောင့်မှကြည့်လျှင် ယောရှုမှတ်စာသည် ကျမ်း၏ အဖြစ်အပျက်များပြီးနောက် မကြာမီတွင်ရေးသားခဲ့သည်။

အမှန်တကယ်တွင်၊ Talmud ၏သီးသန့်ဖော်ပြချက်များကိုထောက်ခံရန် အထောက်အထား အနည်းငယ်မျှပင်မရှိပါ။ သို့သော် ဤကျမ်းအတွက် ယောရှု၊ ဧလာဇာနှင့် ဖိနဟတ်တို့သည် ရေးသားသူ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြစ်နိုင်ချေကို ကျွန်ုပ်တို့လုံးဝလက်မလွှတ်သင့်ပေ။ ထွက်မြောက်ရာ ၁၇:၁၄ တွင်၊ ဣသရေလ၏ အစောပိုင်းသမိုင်းမှတ်တမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ယောရှုပါဝင်ခဲ့ကြောင်း ကျွန်ုပ်တို့ သိရှိရသည်။ ထို့အပြင်၊ ယောရှု ၈:၃၂ နှင့် ၂၄:၂၆ ကျမ်းပိုဒ်များတွင် အခမ်းအနားတွင်အသုံးပြုရန်အတွက် ဘုရားသခင့်ပညတ်တော်ရေးသားခြင်းကို ယောရှုကြီးကြပ်ခဲ့သည်။ ဤကျမ်းပိုဒ်များအရ၊ ဧလာဇာနှင့် သူ၏သားဖိနဟတ်ကဲ့သို့သော ယဇ်ပုရောဟိတ်များနှင့် လေဝိသားများသည် သမ္မာကျမ်းစာကို သင်ကြားပေးခြင်းနှင့် သွန်သင်ခြင်း စသည့်အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

ယောရှုမှတ်စာရေးသားသူသည် သူ၏ကျမ်းကိုရေးသားရာတွင် သတင်းရင်းမြစ်အမျိုးမျိုးပေါ်တွင် အခြေပြုထားသည်ကို မကြာမီကျွန်ုပ်တို့သတိပြုမိပါလိမ့်မည်။ နောက်ဆုံးတွင်၊ ယောရှု၊ ဧလာဇာ၊ ဖိနဟတ်နှင့် တခြားသူများသည် ဤရင်းမြစ်များကို သွယ်ဝိုက်ကာအသုံးပြုခဲ့နိုင်ပါသည်။

> ယောရှုမှတ်စာသည် ကျမ်းရေးသားသူနှင့်ပတ်သက်၍ ကျွန်ုပ်တို့အား သဲလွန်စအချို့ပေးသည်။ အခန်းကြီး ၁၈ တွင် ၎င်းတို့၏နယ်မြေဝေစု မရရှိသေးသော မျိုးနွယ်ခုနစ်စုသည် ယောရှုနှင့်ဆွေးနွေးကြောင်း၊ သူသည် ထိုအနွယ်ထဲမှလူအချို့အား ပြည်ထဲသို့သွား၍စုံစမ်းစေပြီး အစီရင်ခံစာနှင့်အတူ ပြန်လာစေကြောင်းကို ဖော်ပြထားသည်။ အခန်းကြီး ၁၈-၂၀ တွင် တွေ့ရသော ဖော်ပြချက်အရ၊ ဤမျိုးနွယ်များက ၎င်းတို့သည် နယ်မြေပေးခြင်းခံရကြောင်း ပြောသောအခါ၊ ၎င်းတို့သိမ်းယူခဲ့သောမြို့များနှင့် နယ်မြေနယ်နိမိတ်များကို ဖော်ပြခြင်းဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဤအခန်းကြီးသုံးခန်းသည် တိုင်းနိုင်ငံကို ကင်းထောက်ရန် စေလွှတ်လိုက်သောလူများသည် ထိုအစီရင်ခံစာနှင့်အတူ ပြန်လာခဲ့ကြသည့် အစောပိုင်းရေးသားမှုဖြစ်နိုင်သည်…အခန်း ၂၄ တွင် ယောရှုသည် ပညတ္တိကျမ်းစာကိုရေးသားခဲ့ကြောင်းဖော်ပြထားပြီး၊ ၎င်းသည် ဣသရေလလူမျိုးတို့နှင့် ထိုအချိန်ကသူပြုလုပ်ခဲ့သော ပဋိညာဉ်ဖြစ်နိုင်သည်။ ဤသည်မှာ မောရှေရေးသောပညတ္တိကျမ်းနှင့် အတူတူပင်ဖြစ်သည် အဘယ်ကြောင့်ဆိုသော် မောရှေ၏ကျမ်းကို ထာဝရဘုရား၏ရှေ့ တဲတော်အတွင်းမြင့်မြတ်သောအရာအဖြစ်ထားသကဲ့သို့၊ ယောရှုမှတ်စာ၏ ဤအပိုင်းကိုလည်း ယောရှုသည် ထာဝရဘုရား၏ရှေ့တော်၌ရေးထားကြောင်း အတိအလင်းဖော်ပြထားသည်။ အကယ်၍ ကျွန်ုပ်တို့၌နယ်မြေဖော်ပြချက်နှင့် ယောရှုမှတ်စာအဆုံးတွင်တွေ့ရသော ပဋိညာဉ်မှတ်တမ်းလည်းရှိသည်ဆိုလျှင်၊ ဤမျှလောက်အသေးစိတ်ပါရှိသော တိုက်ပွဲများနှင့်ပတ်သက်သည့် အခြားမှတ်တမ်းများသည်လည်း အမှန်ပင်ဖြစ်ပေမည်။ ယောရှုသည် အစောပိုင်းကတည်းက ရည်ရွယ်ချက်နှင့်ရေးသားခဲ့ခြင်းဖြစ်နိုင်သည်။

**Dr Chip McDaniel**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယောရှုမှတ်စာရေးသားသူနှင့်ရေးသားချိန်ဆိုင်ရာ ဤအစဉ်အလာရှုမြင်ချက်များကို မှတ်သားထားပြီး၊ သမ္မာကျမ်းစာ၏ပြည့်ဝသောအခွင့်အာဏာကိုငြင်းပယ်သော မျက်မှောက်ခေတ်ကျမ်းပညာရှင်တို့လက်ခံသည့် ဝေဖန်ဆန်းစစ်သောရှုမြင်ချက်များကို သုံးသပ်ကြပါစို့။

# ဝေဖန်ဆန်းစစ်သော ရှုမြင်ချက်များ

ယောရှုမှတ်စာနှင့်ပတ်သက်၍ ဝေဖန်ဆန်းစစ်သောပညာရှင်အများစုအား ၁၉၄၃ ခုနှစ်တွင် Martin Noth ရေးသားခဲ့သော *The Deuteronomistic History* သည်ကြီးမားစွာလွှမ်းမိုးခဲ့သည်။ အတိုချုပ်အားဖြင့် Noth ၏အမြင်မှာ၊ တရားဟောရာကျမ်း၊ ယောရှုမှတ်စာ၊ တရားသူကြီးမှတ်စာ၊ ဓမ္မရာဇဝင်ကျမ်းများအား ဗာဗုလုန်၌ကျွန်ခံရစဉ်တွင် "တရားဟောသူ" ဟု အများအားဖြင့်ယူဆသူတစ်ဦးက ရေးသားထားခြင်းဖြစ်သည်။ဤရှုထောင့်မှကြည့်လျှင် တရားဟောရာကျမ်းအပါအဝင် Deuteronomistic history တစ်ခုလုံးကို ဗာဗုလုန်၌ကျွန်ခံရစဉ်အတွင်း အစောပိုင်းရေးသားခဲ့သော အရင်းအမြစ်များမှ ရေးစပ်ထားခြင်းဖြစ်သည်။ ဤကျမ်းများ၏အဓိကရည်ရွယ်ချက်မှာ ဣသရေလနိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းတို့၏ရှုံးနိမ့်မှုနှင့် ကျွန်ခံရခြင်းတို့သည်ထိုက်တန်ကြောင်းကို ပြသရန်ဖြစ်သည်။

ဆယ်စုနှစ်များတစ်လျှောက်၊ ဝေဖန်ဆန်းစစ်သောအနက်ပြန်သူအများစုသည် Noth ၏အဓိကအမြင်များစွာကိုအတည်ပြုခဲ့ကြသည်၊ အထူးသဖြင့် ကျမ်းရေးသူနှင့်ပတ်သက်သည့်အချိန်ကာလသည် ဗာဗုလုန်၌ကျွန်ခံရစဉ်အချိန်ဖြစ်သည်။ သို့တိုင်၊ ဝေဖန်ဆန်းစစ်သောပညာရှင်များစွာက Noth သည် ဓမ္မဟောင်းကျမ်းတစ်အုပ်ချင်း၏ ထူးခြားသောဓမ္မပညာဆိုင်ရာရှုမြင်ချက်များကို ခွဲခြားသတ်မှတ်ရန် ပျက်ကွက်ခဲ့ကြောင်း မှန်ကန်စွာရှုမြင်ခဲ့ကြသည်။ ထို့အပြင် သူတို့က Noth သည် ဤကျမ်းများတွင် ပါရှိသည့် အပြုသဘောဆောင်သော၊ မျှော်လင့်ချက်ရှိသောရှုမြင်ချက်များကို လျစ်လျူရှုခဲ့ကြောင်း ရှုမြင်ခဲ့ကြသည်။

ကျမ်းရေးသူ၊ ရေးသားချိန်နှင့်ပတ်သက်သည့် အစဉ်အလာရှုမြင်ချက်နှင့် ဝေဖန်ဆန်းစစ်သော ရှုမြင်ချက်များကို ကြည့်ရှုပြီးနောက်၊ သမ္မာကျမ်းစာ၏အခွင့်အာဏာအပြည့်အဝကိုလက်ခံသည့် ကျမ်းပညာရှင်တို့ကိုင်ဆောင်သော ဧဝံဂေလိယုံကြည်သူတို့၏မျက်မှောက်ခေတ်ရှုမြင်ချက်အချို့ကို သုံးသပ်ကြပါစို့။ ဤရှုမြင်ချက်များသည် သင်ခန်းစာတစ်လျှောက် ယောရှုမှတ်စာအပေါ် ကျွန်ုပ်တို့၏ ချဉ်းကပ်မှုအား လမ်းညွှန်ပေးလိမ့်မည်ဖြစ်သည်။

# ဧဝံဂေလိယုံကြည်သူတို့၏ ရှုမြင်ချက်များ

ကျွန်ုပ်တို့သိပြီးဖြစ်သည့်အတိုင်း၊ ယောရှုမှတ်စာသည် ရေးသားသူအမည်မသိဖြစ်သည်။ ရလဒ်အနေဖြင့်၊ ဧဝံဂေလိယုံကြည်သူများသည် ရေးသားသူနှင့် ရေးသားချိန်အပေါ် မတူညီသော ရှုမြင်ချက်များစွာကို စွဲကိုင်ထားသည်။ သို့တိုင်၊ လေ့လာချက်နှစ်ခုသည် အထောက်အကူဖြစ်လိမ့်မည်ဖြစ်သည်။ ကျမ်း၏ရေးသားမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဟုခေါ်သည့်အရာကို ဦးစွာလေ့လာကြပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဒုတိယ၊ ရေးသားပြီးစီးမှုအတွက် ဖြစ်နိုင်သည့်ကာလအပိုင်းအခြားများကို လေ့လာပါမည်။ ယောရှုမှတ်စာ၏ရေးသားမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို ဦးစွာသုံးသပ်ကြည့်ပါ။

## ဖွံ့ဖြိုးတိုးတက်မှု

ကျမ်း၏ဖွံ့ဖြိုးတိုးတက်မှုအကြောင်းပြောသောအခါ၊ အခြားသောဓမ္မဟောင်းကျမ်း ရေးသူများကဲ့သို့ပင် ယောရှုမှတ်စာရေးသူသည် သူ၏သမိုင်း *de novo* ကို ရေးထားခြင်းလုံးဝမဟုတ်ကြောင်းကို ကျွန်ုပ်တို့သိထားရမည်ဖြစ်သည်။ ယင်းအစား၊ ကျမ်းရေးသူသည် ကျမ်းကိုရေးသားရာတွင် အရင်းအမြစ်အမျိုးမျိုးကိုအသုံးပြုခဲ့သည်။ ကျွန်ုပ်တို့တွေ့မြင်ခဲ့သည်အတိုင်း၊ *Talmud* နှင့် ဝေဖန်ဆန်းစစ်သော အနက်ပြန်သူများက ကျမ်းသည် ရေးသားမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုပုံစံအချို့ကိုထင်ဟပ်သည်ဟု အခိုင်အမာယုံကြည်ထားကြသည်။ ထို့အပြင် ဧဝံဂေလိယုံကြည်သူများကလည်း ကျမ်းရေးသူသည် အရင်းအမြစ်များကို အသုံးပြုကြောင်း အသိအမှတ်ပြုသည်။

ကျမ်းရေးသူသည် ၁၀:၁၃ တွင် ယာရှာ၏စာဟုခေါ်သောကျမ်းမှ တိုက်ရိုက်ကိုးကားသောကြောင့် ယင်းသည် အတိုင်းအတာတစ်ခုအထိမှန်ကန်ကြောင်း ကျွန်ုပ်တို့သိပါသည်။ ဤကျမ်းပိုဒ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့သိပ်မသိသော်လည်း ကျမ်းရေးသူနှင့် သူ၏မူလပရိသတ်မှာ ရှင်းလင်းစွာသိပါသည်။ ၎င်းအပြင်၊ ဤစာစဉ်တစ်လျှောက်ကျွန်ုပ်တို့မြင်တွေ့ရသည့်အတိုင်း၊ ကျမ်းရေးသူသည် ပင်တာကျူ၏အပိုင်းများနှင့် အခြား-ကျမ်းများကို အကြိမ်ကြိမ်ထည့်သွင်းထားသည်။ ဤအမည်မသိရင်းမြစ်များကို ထင်ကြေးများဖြင့် ကျွန်ုပ်တို့တည်ဆောက်၍မရပါ။ သို့သော် *ယာရှာ၏စာ* ကဲ့သို့သော အစောပိုင်းရင်းမြစ်များကို ကျမ်းရေးသူအသုံးပြုထားသည်ကိုသိရှိခြင်းက သူ၏ကျမ်းသည် အဘယ်ကြောင့်ချိတ်ဆက်မှုမရှိသည်ကို ခံစားနားလည်စေသည်။

အစောပိုင်းရင်းမြစ်များကိုအသုံးပြုခြင်းအားဖြင့် ကျမ်း၏နောက်ဆုံးရေးသားချိန်ကို ခွဲခြားသတ်မှတ်ရာတွင် မှားလေ့ရှိသောအမှားကို ရှောင်ရှားရန်လည်း ကူညီပေးပါသည်။ ဤအခြေအနေသည် "ယနေ့တိုင်အောင်" မှန်ကန်သည်ဟု ယောရှုမှတ်စာတွင်ဆယ့်ငါးကြိမ်ဖော်ပြထားသည်။ ပုံမှန်အားဖြင့်၊ "ယနေ့တိုင်အောင်" ဟူသောစကားစုသည် ကျမ်းရေးသူ၏အချိန်ကာလကို ရည်ညွှန်းသည်ဟု ထင်မြင်ရသည်။ သို့သော်၊ ၃ ဓမ္မရာဇဝင် ၈:၈ တွင်တွေ့ရသည့်အတိုင်း၊ တစ်ခါတစ်ရံ "ယနေ့တိုင်အောင်" ဟူသော စကားစုသည် အစောပိုင်းအရင်းအမြစ်များ၏အချိန်ကာလကို အမှန်တကယ်ရည်ညွှန်းခြင်းဖြစ်နိုင်သည်။

ယောရှုမှတ်စာ၏ ရေးသားမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအမျိုးမျိုးရှိကြောင်း ဧဝံဂေလိယုံကြည်သူများသည် ယေဘုယျသဘောတူသော်လည်း၊ ဤကျမ်းသည် မည်သည့်အချိန်တွင်ရေးသားပြီးစီးသနည်းဟု မေးရန်ကျန်နေသေးသည်။ သမ္မာကျမ်းစာတွင် ၎င်းကိုယခုကျွန်ုပ်တို့ရရှိသည့်အတိုင်း မည်သည့်အချိန်၌ စုစည်းထားသနည်း။

## ရေးသားပြီးစီးခြင်း

ဓမ္မဟောင်းကျမ်းများကဲ့သို့ပင်၊ ယောရှုမှတ်စာ၏နောက်ဆုံးပုံစံသို့ မည်သည့်အချိန်တွင် ကျမ်းရေးသူအနေဖြင့်ရေးသားပြီးစီးခဲ့သည်ကို ကျွန်ုပ်တို့အတိအကျမသတ်မှတ်နိုင်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အထောက်အထားများသည် အစောဆုံးနှင့် နောက်ဆုံးရေးသားချိန်အတွက် ဖြစ်နိုင်ခြေကာလများကိုသာ ခွဲခြားသတ်မှတ်နိုင်စေပါသည်။ သို့သော် သင်ခန်းစာတွင်တွေ့မြင်ရသကဲ့သို့ ဤဖြစ်နိုင်ချေများကို စိတ်ထဲတွင်မှတ်သားထားသောအခါ၊ ကျမ်းရေးသူသည် သူ၏မူလပရိသတ်အပေါ် အကျိုးသက်ရောက်စေရန် ကျမ်းကိုမည်သို့ပုံဖော်ခဲ့သည်ကို ကျွန်ုပ်တို့အားများစွာသိမြင်စေပါသည်။

ယောရှုမှတ်စာကို ရေးသားပြီးစီးသည့်အချိန်အတိုင်းအတာအား အဆင့်နှစ်ဆင့်ဖြင့် ကြည့်ရှုပါမည်။ ဦးစွာ ရေးသားပြီးစီးခဲ့သည့် နောက်ဆုံးဖြစ်နိုင်သည့်အချိန်ကာလကို သုံးသပ်ပြီး၊ ဒုတိယ ဖြစ်နိုင်သည့် အစောဆုံးအချိန်ကာလကိုသုံးသပ်ပါမည်။ ယောရှုမှတ်စာအားရေးသားခဲ့သည့် နောက်ဆုံးဖြစ်နိုင်သောအချိန်ကာလနှင့် စတင်ကြပါစို့။

ယောရှုမှတ်စာအား အဆုံးသတ်ရေးသားမှု၏ နောက်ဆုံးဖြစ်နိုင်သည့်အချိန်ကာလကိုဆုံးဖြတ်ရန် အကောင်းဆုံးနည်းလမ်းတစ်ခုမှာ ကျမ်း၏ပြင်ပတွင်ကြည့်ရှုရန်ဖြစ်သည်။ ယနေ့ခေတ်ပညာရှင်များစွာက ဣသရေလလူမျိုး၏မူလသမိုင်းဟု ခေါ်ဝေါ်သည့် —ရှသဝတ္ထုမပါဝင်ဘဲ ကမ္ဘာဦးကျမ်းမှအစပြုကာ ဓမ္မရာဇဝင်ကျမ်းတစ်လျောက်၏သမိုင်းကြောင်းကို ကျမ်းရေးသူသည် သတိရှိစွာဖော်ပြခဲ့သည့် အထောက်အထားကောင်းများစွာရှိသည်။ ချိတ်ဆက်ထားသောလင့်ခ်များကဲ့သို့ အချိန်ကာလတစ်ခုကို ၎င်းကျမ်းများကဖန်တီးထားသောကြောင့် ဤရှုထောင့်သည်အရေးကြီးပါသည်။

ထိုအရာကို ဤပုံစံစဉ်းစားကြည့်ပါ။ ပင်တာကျူသည် မောရှေလက်ထက်မှဆင်းသက်လာပြီး၊ ဤသမိုင်းဆိုင်ရာ"ကွင်းဆက်"အတွင်း လင့်ခ်ငါးခု၏ပထမအစုတွင် ပါဝင်သည်။ ကမ္ဘာဦးကျမ်းသည် ဖန်ဆင်းခြင်းဖြင့်အစပြုကာ၊ အီဂျစ်ပြည်ရှိ ယောသပ်နှင့် သူ၏ညီအစ်ကိုများနှင့်အဆုံးသတ်သည်။ ထွက်မြောက်ရာကျမ်းသည် ယောသပ်သေဆုံးခြင်းဖြင့်အစပြုပြီး၊ မောရှေ၊ ဣသရေလတို့နှင့်အတူ သိနာတောင်တွင်အဆုံးသတ်သောကြောင့် ကမ္ဘာဦးကျမ်း၏တည်ရှိမှုကို ဖော်ပြသည်။ ဝတ်ပြုရာကျမ်းသည် သိနာတောင်၌ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်များကို ဖော်ပြခြင်းအားဖြင့် ကျွန်ုပ်တို့ကိုပို၍သိစေသည်။ တောလည်ရာကျမ်းသည် သိနာတောင်မှမောဘလွင်ပြင်သို့ ဣသရေလလူတို့၏ခရီးစဉ်မှတ်တမ်းကို ထပ်၍ဖြည့်ထားသည်။ တရားဟောရာကျမ်းသည် မောဘလွင်ပြင်၌ မောရှေ၏ဟောပြောချက်များနှင့် မောရှေ၏သေဆုံးခြင်းဖြင့် ပင်တာကျူကို အဆုံးသတ်သည်။

အလားတူ၊ ယောရှုမှတ်စာသည် မူလသမိုင်း၏နောက်ဆက်တွဲ Deuteronomistic history ၏ပထမလင့်ခ်ဖြစ်သည်—တရားဟောရာကျမ်း၏ ဓမ္မပညာဆိုင်ရာရှုမြင်ချက်များအပေါ်တွင် များစွာမူတည်သောအပိုင်းဖြစ်သည်။ ယောရှုမှတ်စာရေးသူသည် မောရှေသေဆုံးခြင်းမှအစပြုကာ ယောရှု၏သေဆုံးခြင်းတိုင် ရေးသားခဲ့သည်။ တရားသူကြီးမှတ်စာသည် ယောရှုမှတ်စာအဆုံးသတ်ထားသည့် ဣသရေလလူမျိုး၏သမိုင်းကိုယူထားသည်။ ၁ နှင့် ၂ ဓမ္မရာဇဝင်ကျမ်းသည် ဣသရေလ၏ နောက်ဆုံးတရားသူကြီးအဖြစ် ရှမွေလဟူသည့်ပုဂ္ဂိုလ်ပေါ်ထွန်းခြင်းနှင့်အစပြုပြီး ဒါဝိဒ်အုပ်စိုးခြင်းနှင့် အဆုံးသတ်သည်။ ၃ နှင့် ၄ ဓမ္မရာဇဝင်ကျမ်းသည် ဒါဝိဒ်သေဆုံးခြင်းမှအစပြုကာ ဗာဗုလုန်၌ကျွန်ခံခြင်းဖြင့်အဆုံးသတ်ပြီး မူလသမိုင်း၏နောက်ဆုံးအဆင့်ကို ပုံဖော်ခဲ့သည်။ ဤသဘောအရ၊ ၃ နှင့် ၄ ဓမ္မရာဇဝင်ကျမ်းသည် Deuteronomistic history ၏အစောပိုင်းစာအုပ်များမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ထို့ပြင် ဤအချက်က ယောရှုမှတ်စာကိုရေးသားပြီးစီးရန် နောက်ဆုံးဖြစ်ဖွယ်ရှိသော ရေးသားချိန်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နှင့်ပတ်သက်ပြီး အရေးကြီးသောအချက်တစ်ချက်ကို ဖော်ပြသည်။ ၃ နှင့် ၄ ဓမ္မရာဇဝင်ကျမ်းကိုမရေးမီ ၎င်းသည်ရေးသားခဲ့ပြီး ဖြစ်လိမ့်မည်။

၃ နှင့် ၄ ဓမ္မရာဇဝင်ကျမ်းကို ရေးခဲ့ချိန်နှင့်ပတ်သက်၍ ကျွနုပ်တို့သိထားသောအရာများစွာရှိသောကြောင့် ဤလေ့လာချက်သည် အသုံးဝင်ပါသည်။ ၃ နှင့် ၄ ဓမ္မရာဇဝင်ကျမ်း၏နောက်ဆုံးဖြစ်ရပ်ကို ၄ ဓမ္မရာဇဝင် ၂၅:၂၇-၃၀ တွင်ဖော်ပြထားသည်။ ဤနေရာ၌ ဘီစီ ၅၆၁ တွင် ဒါဝိဒ်၏ဆွေမျိုးယေခေါနိသည် ဗာဗုလုန်အကျဉ်းထောင်မှ လွတ်မြောက်လာကြောင်းကိုသိရှိရသည်။ ထိုအကြောင်းကြောင့်၊ ၃ နှင့် ၄ ဓမ္မရာဇဝင်ကျမ်းသည် ဤခုနစ်မတိုင်မီ မပြီးစီးသေးသည်မှာသေချာပါသည်။ ထို့ထက်မက၊ ဣသရေလလူမျိုး၏အရေးကြီးသော ဘီစီ ၅၃၈ တွင် ကျွန်ခံခြင်းမှလွတ်မြောက်မှုအကြောင်းကို ၃ နှင့် ၄ ဓမ္မရာဇဝင်ကျမ်းသည် ဖော်ပြခြင်းမပြုတော့ပါ။ ၃ နှင့် ၄ ဓမ္မရာဇဝင်ကျမ်းကိုရေးသားချိန်၌ ဣသရေလလူမျိုးတို့ ကျွန်ခံခြင်းမှလွတ်မြောက်မှုဖြစ်ပျက်ခဲ့ပါက ကျမ်းရေးသူသည်၎င်းကို မဖော်ပြဘဲနေမည့်အကြောင်း စိတ်ကူး၍ပင်မရနိုင်ပါ။ ထို့ကြောင့်၊ ဣသရေလလူမျိုး၏ မူလသမိုင်းအစီအစဉ်ကိုမှတ်သားထားလျှက်၊ ယောရှုမှတ်စာသည် ဗာဗုလုန်၌ကျွန်ခံစဉ်ကာလတွင် နောက်ဆုံးရေးသားပြီးစီးခဲ့ခြင်းဖြစ်နိုင်သည်။

ဤနောက်ဆုံးဖြစ်နိုင်ချေရှိသောရေးသားချိန်ကို စိတ်တွင်မှတ်ထားခြင်းဖြင့် ကျွနုပ်တို့သည် အခြားလမ်းကြောင်းကို ကြည့်သင့်သည်။ ယောရှုမှတ်စာရေးသားပြီးစီးမှုအတွက် အစောဆုံးဖြစ်နိုင်သည့် အချိန်သည် အဘယ်နည်း။ ယောရှုမှတ်စာ၏အဆုံးသတ်ပြီးစီးမှုသည် တရားသူကြီးများလက်ထက်၊ ယောရှုကွယ်လွန်ပြီးနောက်မျိုးဆက်တွင်ဖြစ်သောကြောင့် ၎င်းကို မြင်ရန်မခဲယဉ်းပါ။ ကျမ်း၏အဆုံးပိုင်း ၂၄:၃၁ တွင် ကျမ်းရေးသူရေးခဲ့သောအရာကို သုံးသပ်ကြည့်ပါ။

> ယောရှုလက်ထက်ကာလပတ်လုံး ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားကိုဝတ်ပြုကြ၏။ ထာဝရဘုရားသည် ဣသရေလအမျိုးအဖို့ ပြုတော်မူသမျှတို့ကိုသိ၍ ယောရှုမရှိသည်နောက်အသက်ရှင်သေးသော အသက်ကြီးသူတို့လက်ထက်၌လည်း ထာဝရဘုရားကိုဝတ်ပြုကြ၏ (ယောရှု ၂၄:၃၁)။

ဤကျမ်းပိုဒ်တွင်တွေ့ရသော "ယောရှုမရှိသည်နောက် အသက်ရှင်သေးသောအသက်ကြီးသူတို့" ကိုသတိပြုပါ။ ဤကျမ်းပိုဒ်များအရ၊ "ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားကိုဝတ်ပြုကြ၏" "ထာဝရဘုရားသည် ဣသရေလအမျိုးအဖို့ ပြုတော်မူသမျှတို့ကိုသိတော်မူသောသူတို့" စသည့် စာကြောင်းများကိုလည်း ကျွနုပ်တို့ဖတ်ရသည်။ ဣသရေလလူမျိုး၏ ဝိညာဉ်ရေးအခြေအနေအပေါ် အပြုသဘောဆောင်သောဤသုံးသပ်ချက်သည် ကျမ်းရေးသူနှင့်ပတ်သက်သော အရာတစ်ခုဖြစ်သည်။ ယောရှုသေဆုံးပြီးနောက် မျိုးဆက်သစ်များသည် ဘုရားသခင်ကို သစ္စာရှိစွာဆက်၍ဝတ်မပြုခဲ့ကြောင်း တရားသူကြီးမှတ်စာတွင် ဖော်ပြထားသည့်အချက်ကို သူသိရှိထားပေလိမ့်မည်။ ထို့ကြောင့်၊ ကျမ်းကို ရေးသားပြီးစီးသည့် အစောဆုံးဖြစ်နိုင်ချေရှိသောရေးသားချိန်သည် ဣသရေလလူမျိုး၏တရားသူကြီးများကာလဖြစ်ကြောင်း ဤကျမ်းပိုဒ်သည် ဖော်ပြသည်။

ယောရှုမှတ်စာရှိ အခြားသောကျမ်းပိုဒ်များသည်လည်း တရားသူကြီးများလက်ထက်တွင် ဖြစ်ပွားခဲ့သောအဖြစ်အပျက်များကို ဖော်ပြသည်။ ဥပမာ၊ ယောရှု ၁၉:၄၇ တွင် ဒန်အမျိုးတို့သည် မြောက်ပိုင်းရှိ နယ်မြေသစ်သို့ပြောင်းရွှေ့ခြင်းကို ဖော်ပြသည်။ တရားသူကြီး ၁၈:၂၇-၂၉ အရ ဤအဖြစ်အပျက်သည် တရားသူကြီးများလက်ထက်တွင် ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် ဤသည်မှာ ကျမ်းရေးသားပြီးစီးမှုအတွက် အစောဆုံးဖြစ်နိုင်ချေရှိသော ရေးသားချိန်ဖြစ်သည်ဟု ပြောရသည်မှာ သင့်လျှော်ပါသည်။

ယခု၊ ဘုရင်စနစ်လက်ထက်အချိန်ကာလနှင့်သက်ဆိုင်သော အနက်ပြန်သူအများငြင်းခုံသည့် အချက်ကိုလည်းသုံးသပ်သင့်သည်။ ဤအချိန်ကာလသည်သာ အမှန်တကယ် အပြီးသတ်ရေးသား ပြီးစီးမှု၏အစောဆုံးဖြစ်နိုင်ချိန်ဖြစ်ကြောင်း အကြောင်းရင်းများစွာဖြင့် ၎င်းတို့က ကောက်ချက်ချကြသည်။ ထို့ပြင် ဤဖြစ်နိုင်ချေကို ကျွန်ုပ်တို့မငြင်းနိုင်ပါ။ ဤအမြင်အတွက် အဓိကအထောက်အထားကို ယောရှု ၁၁:၂၁ တွင်တွေ့ရသည်၊ အောက်ပါစကားလုံးများကို ကျွန်ုပ်တို့ဖတ်ရသည်–

> ထိုကာလအခါ ယောရှုသည်ချီသွား၍ အာနကလူတို့ကို … ယုဒတောင်၊
> ဣသရေလတောင်ရှိသမျှတို့မှပယ်ရှား၍၊ သူတို့မြို့များနှင့်တစ်ကွ
> ရှင်းရှင်းဖျက်ဆီးလေ၏ (ယောရှု ၁၁:၂၁)။

ဤနေရာတွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်းကျမ်းပိုဒ်သည် “ယုဒတောင်” သို့မဟုတ် နိုင်ငံတောင်ပိုင်း “ဣသရေလတောင်” သို့မဟုတ် နိုင်ငံမြောက်ပိုင်းဟူ၍ ပိုင်းခြားထားသည်။

ယုဒနှင့်ဣသရေလအကြား ဤကွဲပြားချက်က ဣသရေလနိုင်ငံမကွဲပြားမီ ဘီစီ ၉၃၀ ခန့်တွင် ကျမ်းကိုရေးသားခြင်းမပြုသေးကြောင်း ဖော်ပြသည်။ သို့သော် စက်ပ်တွားဂျင့်—ဓမ္မဟောင်းကျမ်း၏ ရှေးဂရိဘာသာပြန်—သည် ဤကွဲပြားချက်ကို မဖော်ပြသည်ကိုသတိပြုရန် အရေးကြီးပါသည်။ ဟေဗြဲ သို့မဟုတ် ဂရိဘာသာပြန်ကျမ်းသည် ပိုမိုကောင်းမွန်မှုကိုကိုယ်စားပြုသည်ဟု ပညာရှင်များက သဘောမတူကြပေ။ ထို့ကြောင့်၊ ယောရှု ၁၁:၂၁ သည် နိုင်ငံတော်ပိုင်းခြားခြင်းကို အသိအမှတ်ပြုမှု ဖြစ်နိုင်သော်လည်း၊ မသေချာပါ။

ဤအထောက်အထားများအားလုံးကို စုစည်းထားမည်ဆိုပါက၊ ယောရှုမှတ်စာရေးသားပြီးစီးသည့် အစောဆုံးဖြစ်နိုင်ချေရှိသော ရေးသားချိန်သည် တရားသူကြီးများလက်ထက်တွင် ဖြစ်နိုင်ပါသည်။ ဘုရင်စနစ်ခေတ်၏နောက်ပိုင်းခုနစ်တစ်ခုလည်း ဖြစ်နိုင်သည်။ ဗာဗုလုန်၌ကျွန်ခံရာကာလနောက်ပိုင်း၏ ခုနစ်တစ်ခုဖြစ်သည်မှာ မေးခွန်းထုတ်စရာမရှိပါ။ ကျွန်ုပ်တို့မြင်တွေ့ခဲ့ရသည့်အတိုင်း၊ ဤဖြစ်နိုင်ခြေ အစုံအလင်ကို အသိအမှတ်ပြုခြင်းက ယောရှုမှတ်စာဆိုင်ရာ စိန်ခေါ်မှုအမျိုးမျိုးကို ကိုင်တွယ်ဖြေရှင်းရာ၌အပြည့်အဝနားလည်သဘောပေါက်ရန် ကူညီပေးသည်။

ယောရှုမှတ်စာရေးသားသူနှင့် ရေးသားချိန်အကြောင်း လေ့လာခဲ့မှုများကိုမှတ်သားထားပြီး၊ ယခု ကျွန်ုပ်တို့သည် ဒုတိယနိဒါန်းပိုင်းဆိုင်ရာသုံးသပ်ခြင်းဖြစ်သည့် ကျမ်း၏ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်ကို ကြည့်သင့်သည်။ ကျမ်းရေးသူသည် ယောရှုလက်ထက်၏မှတ်တမ်းကို မည်သို့ပုံဖော်ခဲ့သနည်း။ အဘယ့်ကြောင့် ဤနည်းဖြင့် ပုံဖော်ခဲ့သနည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ဖွဲ့စည်းပုံနှင့်ရည်ရွယ်ချက်

ယောရှုမှတ်စာကဲ့သို့သော ကျမ်းစာသမိုင်းဆိုင်ရာကျမ်းကို ကျွန်ုပ်တို့လေ့လာသည့်အခါတိုင်း၊ တူညီသောသမိုင်းဖြစ်ရပ်များကို အမှားအယွင်းမပါဘဲ နည်းလမ်းများစွာဖြင့်ဖော်ပြနိုင်ကြောင်း အမြဲသတိရရန်အရေးကြီးသည်။ သမိုင်းဖြစ်ရပ်များကိုဖော်ပြသည့် သမ္မာကျမ်းစာတိုင်းသည် သီးသန့် ရည်ရွယ်ချက်များ ပြီးမြောက်စေရန်နှင့် မူလပရိသတ်အတွက် အချို့သောရှုထောင့်များကို အလေးပေးရန် အတွက် သမိုင်းကိုစုစည်းထားသည်။

နောက်ပိုင်းသင်ခန်းစာများတွင် ဤအကြောင်းအရာများကို ပိုမိုအသေးစိတ်လေ့လာမည် ဖြစ်သော်လည်း၊ ဤအချိန်တွင် ယောရှုမှတ်စာ၏ဖွဲ့စည်းပုံနှင့်ရည်ရွယ်ချက်ကို အဆင့်နှစ်ဆင့်ဖြင့် အကြမ်းဖျင်းဖော်ပြပါမည်။ ဦးစွာ ကျမ်း၏ကြီးမားသောအစိတ်အပိုင်းဖြစ်သည့် ပါဝင်သောအကြောင်း အရာနှင့် ဖွဲ့စည်းပုံကိုမိတ်ဆက်ပေးပါမည်။ ဒုတိယ ကျမ်းရေးသူသည် မူလပရိသတ်အပေါ် သူ၏ မျှော်လင့်ထားမှုဖြစ်သည့် ကျမ်း၏မူလအဓိပ္ပာယ်ကို မှတ်ချက်ပြုပါမည်။ ယောရှုမှတ်စာ၏ ပါဝင်အကြောင်းအရာနှင့် ဖွဲ့စည်းပုံကို ဦးစွာသုံးသပ်ကြည့်ပါ။

## ပါဝင်အကြောင်းအရာနှင့် ဖွဲ့စည်းပုံ

ယောရှုမှတ်စာတွင် စာပေအမျိုးအစားများစွာပါဝင်သည့် အခန်းနှစ်ဆယ့်လေးခန်းပါရှိသည်။ ဇာတ်လမ်းများ၊ အစီရင်ခံချက်များ၊ မိန့်ခွန်းများ၊ ပြင်ပရင်းမြစ်အမျိုးမျိုးမှဖြစ်နိုင်သည့် လူစာရင်းများနှင့် နေရာများကို တွေ့ရှိရသည်။ ထို့ကြောင့်၊ အနက်ပြန်သူများသည် ယောရှုမှတ်စာ၏ဖွဲ့စည်းပုံဆိုင်ရာ အသေးစိတ်အချက်အလက်များကို မတူညီသောနည်းလမ်းများဖြင့် ခွဲခြမ်းစိတ်ဖြာခဲ့ကြသည်။ သို့သော် ၎င်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာတို့သည် ကြီးမားသောအတိုင်းအတာတွင် မည်ကဲ့သို့ အတူတကွ လုပ်ဆောင်သည်ကို မြင်ရန်မှာ မခက်ခဲပါ။

> ဓမ္မဟောင်းကျမ်းပညာရှင်များတွင် သမ္မာကျမ်းစာရှိကျမ်းများကို အမျိုးအစားခွဲခြားသတ်မှတ်ခြင်း သို့မဟုတ် ခွဲခြားသတ်မှတ်ရန်နည်းလမ်း အများရှိကြသည်၊ ယောရှုမှတ်စာတွင် ယေဘူယျအားဖြင့်စာပေအမျိုးအစား သုံးမျိုးရှိသည်။ ဇာတ်လမ်းများ သို့မဟုတ် ပုံပြင်များဟု ခေါ်ဝေါ်သည့်အရာ၊ ယေရိခေါမြို့တိုက်ပွဲကဲ့သို့ သာမန်အားဖြင့် ကျွန်ုပ်တို့နားလည်နိုင်သည့်အရာများ ရှိသည်။ ၎င်းတွင် သူတို့အားဘုရားသခင်ပေးခဲ့သော မျိုးနွယ်အသီးသီး အမွေဆက်ခံသည့်နေရာများနှင့် ပထဝီဝင်ဆိုင်ရာရှည်လျားသောစာရင်းများ ပါရှိသည်။ ထို့နောက် ၎င်းတွင်လူတစ်ဦးမှအခြားလူတစ်စုအားပေးသည့် မိန့်ခွန်းများလည်းပါရှိသည်။ ထို့ပြင် ကျမ်း၏ပထမအဓိကအပိုင်း၊ ဒုတိယ အဓိကအပိုင်းနှင့် တတိယအဓိကအပိုင်းနှင့် အကြမ်းဖျင်းဆက်စပ်နေသော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထိုကြီးမားသော အမျိုးအစားသုံးမျိုးကို စဉ်းစားကြည့်ပါ။ ပထမတစ်ခုသည် အဓိကအားဖြင့်ဇာတ်လမ်းဖြစ်ပြီး၊ ဒုတိယမှာ အဓိကအားဖြင့် ပထဝီဝင်စာရင်းများဖြစ်ကာ၊ တတိယမှာ အဓိကအားဖြင့်မိန့်ခွန်းများဖြစ်သည်။ သို့သော် ပြဿနာမှာ၊ ထိုအဓိကအမျိုးအစားသတ်မှတ်ချက်ထဲ၌ တခြားနှစ်ခုအမြဲစိမ့်ဝင်နေခြင်းဖြစ်သည်... ထို့ကြောင့် ယောရှုမှတ်စာ၏ ဤကဏ္ဍများနှင့် အမျိုးအစားများကို ကိုင်တွယ်ဖြေရှင်းသောအခါ၊ ၎င်းတို့ကိုမှတ်ထားရန်နှင့် သိနိုင်ရန်အလွန်အရေးကြီးသည်။ စတင်၍အနက်ပြန်သူများ သို့မဟုတ် ဓမ္မဟောင်းကျမ်းစတင်လေ့လာသူများ အထူးသဖြင့်တွေ့ကြုံရသည့် ရှုပ်ထွေးမှုများအနက် အကြီးမားဆုံး အချက်တစ်ခုမှာ ၎င်းတို့သည် ဤအမျိုးအစားများကိုမသိမှတ်ခြင်း၊ လိုအပ်သည့်နည်းလမ်းများဖြင့်မကိုင်တွယ်ခြင်းပင်ဖြစ်သည်။ ယောရှုမှတ်စာကို လူအများချဉ်းကပ်သကဲ့သို့ချဉ်းကပ်သောအခါငင်း၊ ထိုအမျိုးအစားများသည် ကျမ်း၏ကွဲပြားသောအပိုင်းများတွင် ရောနှောနေပုံတို့ကိုအာရုံမပြုပါက ရှုပ်ထွေးမှုများကိုဖြစ်ပေါ်စေပါသည်။

**Dr Richard L. Pratt, Jr.**

အတိုချုပ်အားဖြင့် ယောရှုမှတ်စာတွင် အဓိကအပိုင်းသုံးပိုင်းရှိသည်။ အပိုင်းတစ်ခုစီသည် အချိန်ကာလအတွင်း သိသာထင်ရှားသောပြောင်းလဲမှုကို ညွှန်ပြသည့်ကြေညာချက်ဖြင့် စတင်သည်။ ပထမပိုင်းအခန်းကြီး ၁–၁၂ သည် ဣသရေလလူမျိုး၏ခါနာန်ကို သိမ်းပိုက်အောင်မြင်ခြင်း—ခါနန်လူတို့ အပေါ်ပြတ်သားစွာအောင်မြင်မှုသို့ ယောရှု၏ဣသရေလလူမျိုးအားဦးဆောင်ခဲ့ပုံကို အာရုံစိုက်ထား သည်။ ဘုရားသခင်သည် ယောရှုအားတာဝန်ပေးသည့် "မောရှေအနိစ္စရောက်သောနောက်"ဟူသည့် အသိပေးချက်ဖြင့် ဤအပိုင်းကို ၁:၁ တွင်စတင်သည်။

## သိမ်းပိုက်အောင်မြင်ခြင်း (၁–၁၂)

ဤအခန်းကြီးဆယ့်နှစ်ခန်းသည် ခါနာန်ပြည်ကို ယောရှုသိမ်းပိုက်စဉ်အတွင်း ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များစွာကို ဖော်ပြပါသည်။ ယော်ဒန်မြစ်ကို ဣသရေလလူမျိုးတို့ဖြတ်ကျော်ပြီး ယေရိခေါမြို့နှင့် အာဣမြို့တို့တွင် ကနဦးအောင်မြင်မှုများဖြင့်စတင်သည်။ ထိုအောင်မြင်မှုများပြီးနောက် ဂေရဇိမ်တောင်နှင့် ဧဗလတောင်အနီး ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခဲ့သည်။ ထို့နောက် ကတိတော်ပြည် ၏တောင်ပိုင်းဒေသရှိမဟာမိတ်အဖွဲ့ထံသို့ ယောရှု၏အဓိကလှုပ်ရှားမှု ရွေ့သွားပုံကို ဇာတ်လမ်းက ဖော်ပြသည်။ ဤမှတ်တမ်းနောက်တွင် မြောက်ပိုင်းဒေသရှိမဟာမိတ်အဖွဲ့ထံသို့ ယောရှု၏လှုပ်ရှားပုံကို တွေ့ရသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## လူမျိုးစုအမွေဆက်ခံခြင်းများ (၁၃-၂၂)

ကျမ်း၏ဒုတိယပိုင်း အခန်းကြီး ၁၃-၂၂ တွင်၊ ဣသရေလလူမျိုး၏ လူမျိုးစုအမွေဆက်ခံခြင်းကို တွေ့ရသည်—ဣသရေလအမျိုးအနွယ်များ နယ်မြေခွဲဝေမှုသည် ဣသရေလလူမျိုး၏စည်းလုံးညီညွတ်မှုကိုထိန်းသိမ်းထားပုံအား ဖော်ပြသည်။ ဤအပိုင်းသည် ၁၃:၁ တွင် "ယောရှုသည် အို၍အသက်ကြီးရင့်သောအခါ" ဟူသောအချက်ဖြင့် အစပြုသည်။

ယောရှုမှတ်စာ၏ဒုတိယအဓိကအပိုင်းသည် ဣသရေလလူမျိုးအား ဘုရားသခင်ပေးထားသည့် ယော်ဒန်မြစ်အရှေ့ဘက်ရှိ ထရန်ဂျော်ဒန်နှင့် ယော်ဒန်မြစ်အနောက်ဘက်ရှိ စီဂျော်ဒန်နယ်မြေအကျယ်အဝန်းများကို စတင်တည်ဆောက်သည်။ ထရန်ဂျော်ဒန်တွင် အခြေချနေထိုင်ရန် ခွင့်ပြုချက်ရရှိထားသောမျိုးနွယ်များအတွက် သီးသန့်နယ်မြေများခွဲဝေမှုအချို့ကို အသေးစိတ်ရှင်းပြထားသည်။ ယုဒ၊ ဧဖရိမ်နှင့် မနာရှေတို့ကို ယော်ဒန်မြစ်အနောက်ဘက်ရှိ ကြီးမားသောနယ်မြေများအား ဘုရားသခင်ပေးထားပုံကိုလည်း ရေးသားထားသည်။ စီဂျော်ဒန်နှင့် ထရန်ဂျော်ဒန်မျိုးနွယ်များအကြား ပဋိပက္ခဖြစ်ပွားသောအခါ၊ သူတို့သည် ဘုရားသခင်၏လူမျိုးတော်အဖြစ် ၎င်းတို့၏အမျိုးသားစည်းလုံးညီညွတ်မှုကို မည်သို့ထိန်းသိမ်းထားသည်ကို ကျွန်ုပ်တို့သိရှိရသည်။

## ပဋိညာဉ်သစ္စာစောင့်သိခြင်း (၂၃–၂၄)

အခန်းကြီး ၂၃၊ ၂၄ ပါ တတိယအဓိကအပိုင်းသည် ဘုရားသခင်၏ပဋိညာဉ်စည်းကမ်းချက်များအပေါ် ဣသရေလလူမျိုး၏ပဋိညာဉ်သစ္စာစောင့်သိမှုသည် ၎င်းတို့၏အနာဂတ်ကို မည်သို့ပုံဖော်ပေးသည်ကို အာရုံစိုက်ခြင်းဖြင့် ကျမ်းကိုအဆုံးသတ်ထားသည်။ ၂၃:၁ တွင် အချိန်နှင့်ပတ်သက်၍အသိပေးသည့် အခြားဖော်ပြချက်တစ်ခုဖြင့် စတင်သည်။ "ငြိမ်သက်ခြင်းအခွင့်ကို ကြာမြင့်စွာသောကာလပတ်လုံးပေးတော်မူပြီးမှ၊ ယောရှုသည် အသက်ကြီး၍အိုမင်းသောအခါ" ဟုဖတ်ရပါသည်။ ထို့ပြင် ဤအသိပေးချက်ကို အပိုဒ်ငယ် ၁၄ တွင် "ငါသော်ကား၊ မြေသားအပေါင်းတို့သွားရာလမ်းသို့ ယနေ့သွားလုပြီ" ဟု ယောရှု၏စကားများကို ပြန်လည်ဖော်ပြထားသည်။

ကျမ်း၏နောက်ဆုံးအခန်းနှစ်ခန်းသည် ယောရှုသေဆုံးခါနီးတွင်ပြုလုပ်သည့်စည်းဝေးပွဲနှစ်ခုကို အဓိကထားဖော်ပြသည်။ ဤစည်းဝေးပွဲများထဲမှ ပထမဆုံးသောစည်းဝေးပွဲသည် ယောရှု၏ခေတ်နှင့် တရားသူကြီးများခေတ်နောက်ပိုင်းတွင် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်သော သန့်ရှင်းသောနေရာဖြစ်သည့် ရှိလောအရပ်တွင် ကျင်းပဖွယ်ရှိသည်။ နောက်ဆုံးစည်းဝေးပွဲအား အာဖြဟံသည် သူ၏ပထမဆုံးသောယဇ်ပလ္လင်ကိုတည်ရာ ခါနာန်ပြည်ရှေခင်အရပ်၌ကျင်းပခြင်းဖြင့် ကျမ်းကိုအဆုံးသတ်ထားသည်။ ဣသရေလလူအပေါင်းတို့သည် ဤစည်းဝေးပွဲများတွင် စုရုံးကြပြီး၊ ဘုရားသခင်၏ပဋိညာဉ်ကိုချိုးဖောက်ခြင်းမပြုရန် ယောရှုသတိပေးခဲ့သည်။ ထို့နောက် ဘုရားသခင်တစ်ပါးတည်းအပေါ် သစ္စာစောင့်သိရန် ကတိကဝတ်ကို ယောရှုသည်ဣသရေလလူမျိုးကို ထပ်မံအသိပေးခြင်းဖြင့် ကျမ်း၏အဓိကအကြောင်းအရာကို အဆုံးသတ်ထားသည်။ သူတို့သည် အခြားလူမျိုးများ၏နတ်ဘုရားများကို ငြင်းပယ်ပြီး သူတို့နှင့်ပြုသောပဋိညာဉ်ပါစည်းကမ်းများနှင့်အညီ ဘိုးဘေးများ၏ဘုရားသခင်ကိုသာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဝတ်ပြုကိုးကွယ်မည်ဟုကတိပြုကြသည်။ ဤပဋိညာဉ်ကိုအသစ်ပြန်လည်ပြုပြီးနောက်၊ ယောရှု၏ သေဆုံးခြင်းပါဝင်သည့် နောက်ဆက်တွဲဖြစ်ရပ်များနှင့် ကျမ်းကိုအဆုံးသတ်ထားသည်။

ကျမ်း၏ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ယောရှုမှတ်စာတွင်ပါဝင်သော အကြောင်းအရာနှင့် တည်ဆောက်ပုံကို ကျွန်ုပ်တို့လေ့လာခဲ့သည်။ ယခု ကျွန်ုပ်တို့သည် ယောရှုမှတ်စာ၏ မူလအဓိပ္ပာယ်ကို မည်သို့အကျဉ်းချုပ်သုံးသပ်ရမည်ကို စဉ်းစားသင့်သည်။ ကျမ်းကိုရေးရသည့် ကျမ်းရေးသူ၏ရည်ရွယ်ချက်သည် အဘယ်နည်း။

## မူလအဓိပ္ပါယ်

ယောရှုမှတ်စာရေးသူသည် ကျမ်းစာရေးသူတိုင်းမျှဝေသည့်ရည်ရွယ်ချက်ဖြင့် ရေးသားသည်ဟု ဆိုခြင်းသည် တရားမျှတပါသည်။ ကျမ်းကို ဘုရားသခင်အားဂုဏ်ပြုချီးမြှောက်ရန် ရေးခဲ့သည်။ ထို့ပြင် သူ၏မူလပရိသတ်များ၏အယူအဆများ၊ အပြုအမူများနှင့် ခံစားချက်များဆီသို့ ဘုရားသခင်၏ပဋိညာဉ် ဆိုင်ရာအခြေခံမှုများကို ကျင့်သုံးခြင်းဖြင့် ဘုရားသခင်၏နိုင်ငံတော်ကိုတိုးချဲ့ရန် သူကြိုးပမ်းခဲ့သည်။ သို့သော် ယောရှုမှတ်စာကိုကျွန်ုပ်တို့လေ့လာသောအခါ၊ ကျမ်းကိုရေးသားစဉ်တွင် ပရိသတ်အပေါ် ထားရှိသည့် ကျမ်းရေးသူ၏အထူးအလေးပေးမှုများကိုလည်း သိရှိနိုင်သည်။

ယောရှုမှတ်စာ၏မူလအဓိပ္ပာယ်ကို အကျဉ်းချုပ်ရန် နည်းလမ်းများစွာရှိသော်လည်း ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက်၊ အောက်ပါအချက်များအားဖြင့် ၎င်းကိုဖော်ပြပါမည်။

> ယောရှုမှတ်စာသည် နောင်လာနောက်သားမျိုးဆက်များ ရင်ဆိုင်နေရသည့်
> တူညီသောစိန်ခေါ်မှုများကိုဖြေရှင်းရန်အတွက် ယောရှုလက်ထက်
> ဣသရေလလူမျိုး၏သိမ်းပိုက်အောင်မြင်ခြင်း၊ လူမျိုးစုအမွေဆက်ခံခြင်းနှင့်
> ပဋိညာဉ်သစ္စာစောင့်သိမှုအကြောင်း ရေးသားထားသည်။

ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ ဤအကျဉ်းချုပ်သည် ယောရှုမှတ်စာ၏ အဓိကအပိုင်း သုံးပိုင်းဖြစ်သည့်_သိမ်းပိုက်အောင်မြင်ခြင်း၊ လူမျိုးစုအမွေဆက်ခံခြင်းများနှင့် ပဋိညာဉ်သစ္စာစောင့်သိမှု တို့ကို ရည်ညွှန်းသည်။ သို့သော် ကျမ်းရေးသူသည် ဤကိစ္စများကို အဘယ်ကြောင့် အာရုံစိုက်ခဲ့သနည်း။ ကျွန်ုပ်တို့၏အနှစ်ချုပ်အကြံပြုထားသည့်အတိုင်း၊ ဦးစွာ၊ ယောရှုခေတ်ကအဖြစ်အပျက်များအကြောင်း သူ၏ပရိသတ်ကို သတိပေးရန် သူကြိုးစားခဲ့သည်။ ဒုတိယအနေဖြင့်၊ နောင်လာနောက်သားများနှင့် ၎င်းတို့ကြုံတွေ့နေရသည့် တူညီသောစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ရေးခဲ့သည်။ ကျမ်းရေးသူက ယောရှု၏ခေတ်ကာလအကြောင်း အဘယ်ကြောင့်ရေးသားခဲ့သည်ကို စတင်လေ့လာခြင်းဖြင့် ဤရည်ရွယ်ချက်နှစ်ခုစလုံးကို ကြည့်ကြပါစို့။

၎င်းသည် ဣသရေလလူမျိုးကို ယောရှုဦးဆောင်သည့်အချိန် ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်များ နှင့် ထင်ရှားစွာသက်ဆိုင်ကြောင်း ယောရှုမှတ်စာနှင့်ရင်းနှီးသူတိုင်း သိကြသည်။ ၎င်းတို့တွင်_ ခါနာန်ပြည် ကို ဣသရေလလူမျိုးတို့သိမ်းပိုက်အောင်မြင်ခြင်း၊ ဣသရေလတို့၏လူမျိုးစုအမွေဆက်ခံခြင်းအား

ယောရှုခွဲဝေပေးမှုနှင့် ဘုရားသခင်အပေါ် ဣသရေလလူမျိုးတို့၏ပဋိညာဉ်သစ္စာစောင့်သိမှုတို့ပါဝင်သည်။ ထို့ကြောင့်၊ ကျမ်းရေးသူ၏အဓိကရည်ရွယ်ချက်တစ်ခုသည် "ထိုကာလ"—ယောရှုခေတ်တွင် ဖြစ်ပျက်ခဲ့သည့်အရာများကို မူလပရိသတ်အား အသိပေးရန်ဖြစ်သည်ဟုဆိုခြင်းသည် မှျတပါသည်။ ဣသရေလလူမျိုးများသည် အတိတ်ကဘုရားသခင် သူတို့အတွက်ပြုပေးခဲ့သောအရာကို မေ့လျော့ကြသောကြောင့် မကြာခဏလမ်းပျောက်ခြင်းအကြောင်းကို ဓမ္မဟောင်းကျမ်းပိုဒ်များစွာအလေးပေးဖော်ပြကြသည်။ ကျမ်းရေးသူက ၂၄:၃၁ တွင် "ထာဝရဘုရားသည် ဣသရေလလူမျိုးအဖို့ ပြုတော်မူသမျှတို့ကိုသိ၍"ဟု သူ့ကိုယ်သူနှင့် သူ၏ပရိသတ်ကို ခွဲခြားပြသောအခါ ၎င်းသည်သူ၏မူလပရိသတ်အတွက် ပြဿနာတစ်ရပ်ဖြစ်ကြောင်း အရိပ်အမြွက်ပြောကြားခဲ့သည်။

သူတို့သည် တရားသူကြီးများလက်ထက်၊ ဘုရင်စနစ်ကာလ သို့မဟုတ် ဗာဗုလုန်၌ကျွန်ခံစဉ်အတွင်းအသက်ရှင်ခဲ့သော်လည်း ယောရှုလက်ထက်တွင် ဖြစ်ပျက်ခဲ့သည့်အရာများအား ကျမ်း၏မူလပရိသတ်များကို ပြန်လည်သတိရစေလိုသည်။ ထို့ကြောင့် အခြေခံအားဖြင့်၊ ယောရှုမှတ်စာရေးသူသည် ယောရှုခေတ်တွင် ပြီးမြောက်ခဲ့သည့်အရာများနှင့်ပတ်သက်၍ ၎င်း၏မူလပရိသတ်ကို စစ်မှန်သောမှတ်တမ်းတစ်ခုပေးရန်အတွက် ရေးခဲ့သည်ဟုဆိုနိုင်သည်။

ဒုတိယ၊ ကျွန်ုပ်တို့အကျဉ်းချုပ်ထားသည့်အတိုင်း၊ နောက်ပိုင်းမျိုးဆက်များ၏စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက်လည်း ယောရှုမှတ်စာအားရေးသားထားပါသည်။ ကျမ်းရေးသူသည် ကာလနှစ်ခုကြားတွင်ရှိသကဲ့သို့၊ "ထိုကာလ"—ယောရှုခေတ်ဣသရေလတို့၏ကာလ—နှင့် "သူတို့၏ကာလ"—မူလပရိသတ်များ၏ကာလဖြစ်သည်။ ထိုအကြောင်းကြောင့်၊ ကျမ်းရေးသူသည် သမိုင်းဖြစ်ရပ်မှန်များကိုသာ ရိုးရိုးရေးသားထားခြင်းမဟုတ်ပါ။ "ထိုကာလ" နှင့် "သူတို့၏ကာလ" အကြား အဓိပ္ပာယ်ရှိသည့်ဆက်သွယ်မှု သို့မဟုတ် ဆက်စပ်မှုများကိုဖော်ပြရန်လည်း ဣသရေလလူမျိုး၏သိမ်းပိုက်အောင်မြင်ခြင်း၊ လူမျိုးစုအမွေခွဲဝေခြင်းများနှင့် ပဋိညာဉ်သစ္စာစောင့်သိရန်တောင်းဆိုချက်အကြောင်းများကို သူသည်ရေးသားခဲ့သည်။ အခြားကျမ်းရေးသူများကဲ့သို့ပင် သူ၏ပရိသတ်များ၏ လက်ရှိအခွင့်ထူးများနှင့် တာဝန်များ၏မူလဇစ်မြစ်ကို ရှင်းပြသည့် သမိုင်းနောက်ခံများကို မကြာခဏသူထောက်ပြခဲ့သည်။ သူတို့အတုယူရန် သို့မဟုတ် ငြင်းပယ်ရန်အတွက် ဥပမာများကိုလည်း တင်ပြခဲ့သည်။ တစ်ခါတစ်ရံတွင်၊ သူသည် သူ၏မူလပရိသတ်များကြုံတွေ့မည့်အရာများကို ကြိုတင်ဖော်ပြချက်အဖြစ် ယောရှုကာလ၏မှတ်တမ်းများကို ရေးသားခဲ့သည်။

ဤချိတ်ဆက်မှုများသည် ကျမ်းရေးသူနှင့်ပတ်သက်၍ ကျွန်ုပ်တို့ဆက်လက်လေ့လာရန်လိုအပ်သည့်အရာကို ဖော်ပြသည်။ တစ်ဖက်တွင်၊ ယောရှုခေတ်တွင် ဖြစ်ပျက်ခဲ့သမျှကို သူ၏ပရိသတ်အားသတိရစေလိုသည်။ သို့ရာတွင် အခြားတစ်ဖက်တွင်၊ ယောရှုလက်ထက်တွင် ဣသရေလတို့ပြုခဲ့သည့်အတိုင်း သူတို့ကိုပြန်မလုပ်စေလိုပါ။ သူ၏မူလပရိသတ်သည် မတူညီသောအချိန်ကာလတွင် အသက်ရှင်ခဲ့ပါသည်။ သူတို့သည် သူတို့၏ကာလနှင့်လျော်ညီသောနည်းလမ်းများဖြင့် သူ၏သမိုင်းမှတ်တမ်းကို သူတို့၏ဘဝတွင် ကျင့်သုံးရန်လိုအပ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယောရှုမှတ်စာ၏မူလပရိသတ်များသည် ၎င်း၏သတင်းစကားကြောင့် အလွန်အကျိုးသက်ရောက်ခဲ့သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။... ကတိတော်ပြည်သို့ ဝင်စားခြင်းအတွက် ဣသရေလလူမျိုးများအား ဘုရားသခင်ပေးခဲ့သော ကတိတော်များအားလုံးကို ဖြည့်ဆည်းပေးခဲ့သည်။ မပြည့်စုံသည့်အချက် တစ်ခုမှမရှိပါ။ ဘုရားသခင်သည်သစ္စာရှိတော်မူကြောင်း လူတို့ကိုသွန်သင်ခြင်း၌ အဓိကဖြစ်သည်ဟု ထင်ပါသည်၊ ဘုရားသခင်သည် ကတိတည်ခဲ့ပြီး သစ္စာတော်သည်တည်မြဲသည်။ ၎င်းသည် တရားသူကြီးများခေတ်သို့ ကူးပြောင်းရာတွင် အထူးအရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် တရားသူကြီးများခေတ်တွင် လူတို့သည်ကိုယ်စိတ်ရှိသည့်အတိုင်း အသက်ရှင်နေကြောင်းဖော်ပြမှုကိုတွေ့ရသော်လည်း၊ သူတို့ကို ခေါ်ခြင်းသည် ထာဝရဘုရားအပေါ်ယုံကြည်ရန်သာဖြစ်သည်။ ထို့ကြောင့်၊ ဤယခုလူမျိုးသည် ယောရှု၏ခြေရာကို အမှန်တကယ်မလိုက်သောကြောင့်၊ ယောရှု၏အသက်တာနှင့် ယောရှုနှင့်အတူသစ္စာရှိသူတို့၏အသက်တာတွင် တွေ့မြင်ရသောအရာသည် သူတို့အတွက် သတင်းစကားဖြစ်သည်။ ၎င်းသည် အမှန်ပင်နှောင်တရကာ သူတို့ကိုခေါ်တော်မူသည့်သူထံ ပြန်လည်ရောက်ရှိရန်တောင်းဆိုချက်ဖြစ်သည်။

**Dr T. J. Betts**

ယခုအချိန်တွင်၊ မျက်မှောက်ခေတ်အနက်ပြန်သူများအဖို့ မူလပရိသတ်များအနေဖြင့် ဤသမိုင်းမှတ်တမ်းကို ၎င်းတို့၏ဘဝတွင်ကျင့်သုံးရန် မည်သို့ရည်ရွယ်ထားပုံကို နားလည်ရန်ခက်ခဲနေပါသည်။ နောက်ဆုံးတွင်၊ ကျမ်းရေးသူသည် ဤအကြောင်းအရာများကို သူ၏ကျမ်းတွင် ဖော်ပြမထားပါ။ သို့သော် ကျမ်းရေးသူနှင့် သူ၏ပရိသတ်များသည် သူတို့၏ခေတ်တွင်ရရှိနိုင်သောသမ္မာကျမ်းစာ— ပင်တာကျုူဟု ကျွန်ုပ်တို့သိထားသည်မှ သင်ယူခဲ့ကြသည် ဟူသည့်ရှုထောင့်ကို သတိရရန်လိုသည် ဤအမြင်များကို စိတ်ထဲတွင်ထားကာ၊ "သူတို့၏ကာလ" အတွက် "ထိုကာလ" တွင် ကျမ်းရေးသူ၏မှတ်တမ်း အကျိုးသက်ရောက်မှုသည် ပိုင်းခြားရန်ခက်ခဲသည်မဟုတ်ပါ။

## သိမ်းပိုက်အောင်မြင်ခြင်း

ဣသရေလလူမျိုး၏သိမ်းပိုက်အောင်မြင်ခြင်း၏အကျိုးသက်ရောက်မှုကို မူလပရိသတ်နားလည်ရန်အတွက် ပင်တာကျုူက မည်သို့ပြင်ဆင်ထားသည်ကိုသုံးသပ်ကြည့်ပါ။ ကျမ်း၏ဤအပိုင်းသည် ယောရှု၏ကြီးကျယ်သောအောင်မြင်မှုများအကြောင်း မှတ်တမ်းတင်ထားသည်။ သို့သော် ပင်တာကျုူတွင်တွေ့ရသော စစ်ပွဲနှင့်ပတ်သက်သည့် အခြေခံ ရှုမြင်ချက်သုံးမျိုးက ယောရှုမှတ်စာ၏ဤအပိုင်းကို မည်သို့ကျင့်သုံးရမည်ကို သိမြင်စေသည်။

**ကနဦးပဋိပက္ခ။** ပထမဦးဆုံးအနေဖြင့် ကျမ်းရေးသူနှင့် သူ၏မူလပရိသတ်နှစ်ဦးစလုံးသည် ဘုရားသခင်နှင့် စာတန်ကြားအခြေခံနေသည့် ကနဦးပဋိပက္ခတစ်ခုတွင် ပါဝင်နေကြကြောင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သိရှိခဲ့ကြသည်။ ကမ္ဘာဦး ၃:၁၅ က အပြစ်ထဲသို့ကျဆုံးပြီးနောက် လူ့သမိုင်းတစ်လျှောက် ဘုရားသခင်နှင့်စာတန်သည် ပဋိပက္ခ ဖြစ်နေကြကြောင်း ဖော်ပြသည်။ ဤမျက်မြင်မရသောပဋိပက္ခသည် မြွေ၏အမျိုးအနွယ် သို့မဟုတ် သားစဉ်မြေးဆက်များ—စာတန်၏တန်ခိုးကိုအစေခံသောသူများ—နှင့် မိန်းမ၏အမျိုးအနွယ် သို့မဟုတ် သားစဉ်မြေးဆက်များ—ဘုရားသခင်ကိုဝတ်ပြုသူများကြားရန်းကန်မှုကို မြင်တွေ့ရသည်။ ထို့ကြောင့် ယောရှုမှတ်စာသည် ဣသရေလလူမျိုးတို့၏ပဋိပက္ခကို ရုပ်ပိုင်းဆိုင်ရာစစ်ပွဲတစ်ခုအဖြစ်သို့ မလျှော့ချနိုင် ပေ။ ယင်းအစား၊ ယောရှု ၅:၁၄ တွင် ကျမ်းရေးသူသည် "ထာဝရဘုရား၏ဗိုလ်ခြေကိုအုပ်စိုးသောဗိုလ်မှူး" ဟူ၍ ကောင်းကင်တမန်ကိုရည်ညွှန်းခဲ့သည်။ ဤကျမ်းပိုဒ်က ယောရှုနှင့် ဣသရေလစစ်တပ်သည် ဘုရားသခင်နှင့် ကောင်းကင်တမန်စစ်တပ်တို့ ပါဝင်သောတိုက်ပွဲတွင် ပါဝင်နေကြောင်း ဖော်ပြသည်။ ယောရှုမှတ်စာ ၂၃:၁၆ တွင်ဖော်ပြသည့်အတိုင်း၊ ခါနန်လူတို့၏စာတန်နတ်ဘုရားများသည် ခါနန်လူတို့နှင့် အတူ ဣသရေလလူတို့ကို ဆန့်ကျင်နေကြောင်းကိုလည်း ကျမ်းရေးသူသည် အသိအမှတ်ပြုသည်။ ယောရှုမှတ်စာ၏မူလပရိသတ်များသည် ဣသရေလတို့၏အောင်မြင်မှုမှ သင်ယူစရာများစွာရှိသည်၊ အကြောင်းမှာ ယောရှုခေတ်ဣသရေလလူများကဲ့သို့ပင် ဘုရားသခင်နှင့် စာတန်၊ ၎င်းတို့ကိုဝတ်ပြုသူများ ကြား ဆက်လက်ဖြစ်ပွားနေသောပဋိပက္ခတွင် သူတို့ပါဝင်နေကြောင်းကို သိကြသည်။

**ဣသရေလလူမျိုး၏အထူးပဋိပက္ခ။** ဒုတိယအချက်အနေဖြင့် ယောရှု၏အောင်မြင်မှုသည် ဣသရေလလူမျိုး၏ အထူးပဋိပက္ခဖြစ်ကြောင်း ပင်တာကျူကထင်ရှားစေသည်။ မူလပရိသတ်များသည် ဣသရေလလူမျိုး၏ အောင်မြင်မှုမှ များစွာသင်ယူနိုင်သော်လည်း၊ သူတို့နှင့် နောင်လာမည့်မျိုးဆက်များ သည်အသေးစိတ် အားလုံးကို အတုယူရန်မဟုတ်ပေ။ ပင်တာကျူက ယောရှု၏ကာလသည် ထူးခြားကြောင်း ထင်ရှားစွာ ဖော်ပြထားသည်။

ကမ္ဘာဦး ၁၅:၁၃-၁၆ တွင် ဘုရားသခင်သည် "အာမောရိအမျိုးသားတို့၏—ခါနန်လူတို့၏ နောက်ထပ်အမည်ဖြစ်သည်၊ ဒုစရိုက်အပြစ်သည်မပြည့်စုံသေး"သောကြောင့် အာဗြဟံအား သူ၏သားစဉ်မြေးဆက်များကိုအီဂျစ်ပြည်၌ အချိန်အတန်ကြာကျွန်ခံစေမည်ဟု မိန့်တော်မူသည်။ သို့ရာတွင် ယောရှု၏သိမ်းပိုက်ပြီးချိန်တွင်၊ ခါနာန်လူတို့၏အပြစ်သည် ပြင်းထန်လာသဖြင့် အာဗြဟံ လက်ထက်သောဒုံနှင့် ဂေါမောရမြို့ကိုဖျက်ဆီးရန် ဘုရားသခင်သည်တောင်းဆိုခဲ့သကဲ့သို့ ၎င်းတို့အလုံးစုံ ဖျက်ဆီးရန်တောင်းဆိုခဲ့သည်။

ထို့ကြောင့် ကျမ်းရေးသူသည် ပင်တာကျူမှ ဟေဗြဲကြိယာ *charam* חָרַם)) နှင့် နာမ် *cherem* (חֵרֶם) ဝေါဟာရကိုအသုံးပြုကာ ခါနာန်ပြည်၏ပျက်စီးခြင်းအကြောင်းကို ဖော်ပြခဲ့သည်။ ယောရှုမှတ်စာ ၆:၁၇၊ ၁၉ နှင့် ၂၁ တွင်ဖော်ပြထားသည့်အတိုင်း၊ ယောရှု၏သိမ်းပိုက်အောင်မြင်မှုအခြေအနေတွင်၊ ဤအသုံးအနှုန်းများသည် "ဖျက်ဆီးခြင်း" ကိုမဆိုလိုပါ။ ယင်းအစား၊ သခင်ဘုရားအား အကြွင်းမဲ့ ဆက်ကပ်အပ်နှံရန် သို့မဟုတ် ဘုရားနှင့်အချိန်ယူခြင်းအားဖျက်ဆီးရန်"ဖြစ်သည်။ ထို့ကြောင့်၊ ဣသရေလလူတို့သည် ခါနန်ပြည်၌စစ်တိုက်သောအခါ၊ ၎င်းသည် ခါနာန်လူတို့၏ထင်ရှားသောအပြစ်ကို ဆန့်ကျင်သည့် ဘုရားသခင်၏တရားမျှတသောတရားစီရင်ခြင်းကို အသိအမှတ်ပြုခြင်းပင် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူတို့သည် ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ချီးမြှောက်သည့်လုပ်ရပ်အဖြစ် သူတို့သိမ်းပိုက်နိုင်သမျှကို ဖျက်ဆီးပြီး အပ်နှံကြသည်။

ယောရှုခေတ်တွင် လုံးဝဖျက်ဆီးခြင်းနှင့် ထာဝရဘုရားအား အကြွင်းမဲ့ဆည်းကပ်ခြင်းအတွက် ဤအမိန့်တော်သည် အကြောင်းရင်းများစွာအတွက် ထူးကဲလှကြောင်း ကျွန်ုပ်တို့သိပါသည်။ တရားဟောရာ ၂၀:၁၀-၂၀ တွင် ခါနန်လူတို့ကို အလုံးစုံဖျက်ဆီးရန် မောရှေညွှန်ကြားသော်လည်း၊ သူသည် ခါနာန်ပြည်အပြင်ဘက်ရှိလူတို့အား ငြိမ်းချမ်းရေးစာချုပ်များ ကမ်းလှမ်းရန်လည်း ဣသရေလ လူတို့ကို အမိန့်ပေးခဲ့သည်။ ယောရှု ၉ တွင် ဂိဗောင်လူတို့နှင့် ဆက်ဆံသောအခါ၊ သူတို့သည် ခါနာန်ပြည် ပြင်ပမှ လာသည်ဟုယုံကြည်သဖြင့် ယောရှုကိုယ်တိုင် ဤကွဲပြားချက်ကို အသိအမှတ်ပြုခဲ့သည်။

ယင်းအပြင်၊ ဘုရားသခင်နှင့် စာတန်ကြားဖြစ်ပွားနေသောပဋိပက္ခသည် ယောရှုခေတ်မတိုင်မီနှင့် နောက်တွင်ကွဲပြားသွားပုံကို ပြန်ပြောင်းသတိရသောအခါ၊ ယောရှု၏အောင်မြင်မှုသည် ထူးခြားသော အသွင်အပြင်ဆိုင်ရာသက်သေဖြစ်လာသည်။ ဥပမာအနည်းငယ်ကိုဖော်ပြရလျှင်၊ ယောရှု*မတိုင်မီ* ကမ္ဘာဦး ၁၁:၁-၉ တွင် ဘုရားသခင်နှင့် ကိုယ်တော်၏ကောင်းကင်ဗိုလ်ခြေများသည် ဗာဗုလုန်ရဲတိုက်တွင် ပုန်ကန်သောလူသားများကို စစ်တိုက်ခဲ့သည်။ သို့သော် ဤအရာကို သူတို့သည် လူသားစစ်တပ်မပါဘဲ လုပ်ဆောင်ခဲ့ပြီး လူသားများကိုပြန့်ကျဲစေခဲ့သည်။ ကမ္ဘာဦး ၁၄:၁-၂၄ တွင်၊ အာဗြဟံသည် ဘုရားသခင် ၏အကူအညီဖြင့် တိုက်ပွဲဝင်ခဲ့သော်လည်း၊ ရန်သူများကို အကြွင်းမဲ့ဖျက်ဆီးပစ်ရန် ဘုရားသခင်သည် အမိန့်မပေးခဲ့ပေ။ ထွက်မြောက်ရာ ၁၂:၁၂ တွင် ဘုရားသခင်သည် အီဂျစ်ပြည်၌ကပ်ဘေးများအတွင်း အီဂျစ်လူများနှင့် သူတို့၏နတ်ဘုရားများကို စစ်တိုက်ခဲ့ကြောင်းသိရှိရပါသည်။ သို့သော် ဣသရေလ လူမျိုးသည်ဘေးကင်းနေပြီး အီဂျစ်*လူတိုင်း* ကိုဘုရားသခင်မသတ်ခဲ့ပါ။ ထွက်မြောက်ရာကျမ်း ၁၄ ပင်လယ်နီတွင် ဣသရေလလူမျိုးတို့သည် ဘုရားသခင်ကိုနာခံမှုဖြင့် စစ်တိုက်ရာတွင် လိုက်ခဲ့ကြ သော်လည်း အီဂျစ်စစ်တပ်ကို ဖျက်ဆီးခဲ့သူသည် ဘုရားသခင်ဖြစ်သည်။

ယောရှုလက်ထက်*နောက်ပိုင်း* တွင်လည်းတူညီသောအရာများ တွေ့ရသည်။ ၁ နှင့် ၂ ဓမ္မရာဇဝင် ကျမ်းတွင် ရှင်းပြထားသည့်အတိုင်း ဒါဝိဒ်သည်ဘုရားသခင်၏သဘာဝလွန်အကူအညီဖြင့် ဣသရေလ၏ ရန်သူအများအပြားကို တိုက်ခိုက်ခဲ့သည်။ သို့သော် ဘုရားသခင်သည် သူ၏ရန်သူ*အားလုံး* ကို မဖျက်ဆီး ပစ်ခဲ့ပေ။ ၃ နှင့် ၄ ဓမ္မရာဇဝင်ကျမ်းက ဒါဝိဒ်၏သားစဉ်မြေးဆက်များတွင်လည်း တူညီကြောင်း ဖော်ပြ သည်။ ဣသရေလလူမျိုး၏ကျွန်ခံရမှုအဆုံးသတ်ခြင်းသည် ပြိုင်ဘက်ကင်းသော၊ အံ့ဖွယ်ကောင်းသော ဘုရားသခင်ဝင်ရောက်ပါဝင်သည့် စစ်ပွဲနှင့်ဆက်စပ်နေမည်ဟု ဣသရေလလူမျိုး၏ပရောဖက်များက ဟောပြောခဲ့ကြသည်။

ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ ပင်တာကျူနှင့် ဓမ္မဟောင်းကျမ်းတစ်လျှောက်တွင် ဘုရားသခင်နှင့်နတ်ဆိုးများကြား နည်းလမ်းအမျိုးမျိုးဖြင့်ဆက်လက်ဖြစ်ပွားနေသောပဋိပက္ခများကို ဖော်ပြထားသည်။ ယင်းက ယောရှု၏အောင်မြင်မှုသည် တိုက်ပွဲအားလုံးအတွက် စံနမူနာမဟုတ်ကြောင်း ကျွန်ုပ်တို့ကိုအချက်ပြသည်။ မှန်ပါသည်၊ မူလပရိသတ်များသည် သူတို့၏ခေတ်တွင် စစ်ပွဲများအကြောင်း သင်ခန်းစာများစွာ ယောရှုထံမှသင်ယူနိုင်မည်ဖြစ်သော်လည်း၊ အောင်မြင်မှုကိုယ်တိုင်က ထူးခြားသည့် တရားစီရင်သောအချိန်ဖြစ်သည်။ အခြားတိုက်ပွဲများနှင့်မတူဘဲ၊ —ရာခပ်ကဲ့သို့သော ရှားပါးသည့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခြွင်းချက်များဖြင့်— ခါနန်လူများသည် လုံးဝပျက်စီးခြင်းကို အပြည့်အဝခံထိုက်ကြောင်း ဘုရားသခင် ဆုံးဖြတ်ခဲ့သည်။

> ခါနန်လူတို့၏အပြစ်သည် အချိန်ကြာလာသည်နှင့်အမျှ ဆိုးရွားလာသည်။ ကမ္ဘာဦးကျမ်း ၁၅ တွင် အာမောရိတို့၏အပြစ်သည် အတိုင်းအတာတစ်ခုအထိ အပြည့်အဝရောက်ခဲ့သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ သို့မဟုတ်ပါက ဘုရားသခင်၏လူတို့သည် ပြည်ကိုသိမ်းယူကြလိမ့်မည်မဟုတ်။ ထို့ကြောင့်၊ ဘုရားသခင်သည် ခါနာန်လူမျိုးများ၏အပြစ်ကို စောင့်ကြည့်နေပြီး၊ သူတို့၏အပြစ်သည် အတိုင်းအတာတစ်ခုသို့ရောက်သောအခါ ဘုရားသခင်၏တရားမျှတမှုသွန်းလောင်းမည့်အကြောင်း သမ္မာကျမ်းစာ၏ သတိပေးချက်ရှိသည်။ ကိုယ်တော်၏တရားမျှတမှုလက်နက်မှာ ဣသရေလလူမျိုးဖြစ်သည်၊ သို့သော် ဣသရေလလူမျိုးသည် ကြီးမြတ်သော ကိုယ်ကျင့်တရား သို့မဟုတ် ထိုက်တန်မှုတစ်စုံတစ်ရာရှိသောကြောင့်မဟုတ်ပါ။ သူတို့သည် အလွန်သေးငယ်သောလူမျိုးဖြစ်သည်။ သူတို့၏ကြီးသောအပြစ်ကို ယောရှုမတိုင်မီမျိုးဆက်တွင်ပင် ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း၊ ၎င်းတို့၏ သိမ်းပိုက်အောင်မြင်ခြင်း၌ပင် အပြစ်ရှိကြသည်။ သို့ရာတွင် ဘုရားသခင်သည် သူ၏ကျေးဇူးတော်အားဖြင့် ထိုလူမျိုးကိုသူ့ထံသို့ခေါ်တော်မူပြီး၊ ထိုနေရာတွင် နေထိုင်ခွင့်ပေးပါက သူတို့အားဖျက်ဆီးမည့်အခြားလူမျိုးများအား ထိုလူမျိုးကို အသုံးပြု၍ရှင်းလင်းဖယ်ရှားရန်ဖြစ်သည်။ ထို့ပြင် ဘုရားသခင်သည် ဣသရေလလူမျိုးအား ခါနာန်ပြည်သို့သွားခွင့်ပြုခဲ့သည့် နောက်ထပ် အကြောင်းရင်းတစ်ခုမှာ ထိုနေရာတွင်နေထိုင်သူအားလုံးကို ဖျက်ဆီးပစ်ရန် ဖြစ်သည်။ ဘုရားသခင်သည် မိမိ၏လူမျိုးအား ထိုနေရာတွင်နေထိုင်သော လူများ၏ဘာသာရေးကျင့်ထုံးများ၊ ရုပ်တုကိုးကွယ်မှု၊ ၎င်းတို့၏အပြစ်ကြောင့် ယိုယွင်းပျက်စီးခြင်း၊ ပတ်ဝန်းကျင်ရှိ လူမျိုးများကိုအတုယူခြင်းမျိုးအလိုမရှိပေ။ သူတို့၏ရှင်ဘုရင်အဖြစ် မိမိနောက်သို့လိုက်ရန် အလိုတော်ရှိခဲ့သည်။ ထို့ကြောင့်၊ ဣသရေလလူမျိုးသည် သူတို့အားအပ်နှင်းထားသောထိုတာဝန်ကို မပြီးမြောက်ခဲ့ပေ။ ယောရှုမှတ်စာတွင်ပင် ဣသရေလလူမျိုးသည် ပိုမိုယိုယွင်းလာပြီးနောက်၊ တရားသူကြီးမှတ်စာတွင် ပို၍ထင်ရှားသည့်ပုံစံတစ်ခု၏အစကို တွေ့မြင်ရသည်။ ဣသရေလလူမျိုးသည် အကျင့်ပျက်ခြစားမှုတိုးများလာကာ အပြစ်နှင့် ကိုယ်ကျင့်တရားကျဆင်းမှုသံသရာထဲသို့ ကျရောက်နေသည်။ သူတို့သည် ဘုရားသခင့်ပဋိညာဉ်လူများ၏စရိုက်လက္ခဏာနည်းပါးလာပြီး၊ ပတ်ဝန်းကျင်ရှိ လူမျိုးများနှင့် ပိုတူလာကြသည်— ထိုပြည်သားများကို နှင်ထုတ်ရန် ဘုရားသခင် အလိုရှိခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**Rev. Kevin Labby**

**ဣသရေလဘုရင်၏အနာဂတ်အောင်မြင်မှု။** တတိယအချက်အနေဖြင့် ယောရှု၏သိမ်းပိုက်အောင်မြင်ခြင်းသည် ကမ္ဘာတစ်ခုလုံးကိုထာဝစဉ်စိုးစံမည့် ဣသရေလဘုရင်၏အနာဂတ်အောင်မြင်မှုဆီသို့ခြေတစ်လှမ်းဖြစ်ကြောင်းလည်း ပင်တာကျူအားဖြင့် ကျမ်းရေးသူသည်သိခဲ့သည်။ အစောပိုင်း ကမ္ဘာဦး ၄၉:၁၀ တွင် ဘိုးဘေးယာကုပ်က ယုဒအမျိုးရာဇလှံတံအား "လူမျိုးတို့သည်ဆည်းကပ်ကြလိမ့်မည်"ဟု ကြေညာခဲ့ သည်။ တရားသူကြီးများခေတ်တွင်၊ ယုဒအမျိုးရှင်ဘုရင်မျှော်လင့်ချက်သည် တရားသူကြီး ၁:၁၊ ၂ ၌ ယုဒအနွယ်အားဦးဆောင်အခန်းကဏ္ဍပေးခြင်းတွင် အသိအမှတ်ပြုထားသည်။ ဘုရင်စနစ်အတွင်း၊ ဤမျှော်လင့်ချက်ပြည့်စုံမှုကို ဆာလံ ၇၂ တွင် ဒါဝိဒ်မင်းမျိုးနှင့် အတိအကျဖော်ပြခဲ့သည်။ ကျွန်ခံခြင်းသည် လူမျိုးအားလုံးအပေါ် ဒါဝိဒ်၏သားတော်မြတ်၏အောင်မြင်မှုဖြင့် အဆုံးသတ်မည်ဟု ဣသရေလပရောဖက်များသည် ကြိုတင်ဟောပြောခဲ့ကြသည်။

ထို့ကြောင့်၊ ယောရှုခေတ်ရှိ ဣသရေလလူမျိုးများကဲ့သို့ပင်၊ မူလပရိသတ်များက ၎င်းတို့သည် မိမိတို့ထက် သာ၍ကြီးမြတ်သောအရာတစ်ခု၏အစိတ်အပိုင်းဖြစ်ကြောင်း သိခဲ့ကြသည်။ ထိုအကြောင်းကြောင့်၊ သူတို့သည် ယောရှုပြုသောအမှုကို မည်သည့်အခါမျှပြန်မပြုကြပါ။ ၎င်းအစား၊ သူတို့သည် ဣသရေလဘုရင်၏ အနာဂတ်ကမ္ဘာလုံးဆိုင်ရာအောင်မြင်မှုဆီသို့ သမိုင်းကိုဆက်လျှောက်နေသည့် အားလျော်စွာ ခါနန်ပြည်ကိုသိမ်းပိုက်ခြင်းတွင်ဖြစ်ပျက်ခဲ့မှုကို ၎င်းတို့၏ကာလတွင် ကျင့်သုံးရမည်ဖြစ်သည်။

## လူမျိုးစုအမွေဆက်ခံခြင်းများ

ကျမ်းရေးသူသည် ဣသရေလ၏လူမျိုးစုအမွေဆက်ခံခြင်းဆိုင်ရာ ကျမ်း၏ဒုတိယပိုင်းနှင့် ပတ်သက်၍ သူ၏ပရိသတ်များအား တူညီသောဓမ္မရှုမြင်ချက်များရရှိရန် မျှော်လင့်ခဲ့သည်။

**ကနဦးလူသားတို့၏စိုးမိုးမှု။** ပထမဦးဆုံးအနေဖြင့် ဣသရေလလူမျိုး၏ ခါနန်ပြည်ကိုသိမ်းယူခြင်းသည် ကမ္ဘာမြေကြီးကို လူသားများစိုးမိုးရန် ဘုရားသခင်၏ကနဦးခေါ်ဆိုမှုတွင် အခြေခံကြောင်း မောရှေ၏ ကျမ်းများအရ သူနားလည်ခဲ့သည်။ ဘုရားသခင်သည် ကမ္ဘာမြေကြီးကို သူ၏သစ္စာရှိပုံသဏ္ဍာန်တော်များ နှင့်ပြည့်ကာ အောင်နိုင်စေပြီး၊ ကိုယ်တော်၏နိုင်ငံတော်အဖြစ်သို့ ပြောင်းလဲသွားစေရန် ကနဦးကတည်း ကပင် ခွဲခန့်ခဲ့သည်။ ဤခေါ်ဆိုမှုကို ကမ္ဘာဦး ၁:၂၆-၃၀ တွင်ပထမဆုံးဖော်ပြခဲ့ပြီး နောက်ပိုင်းတွင် ကမ္ဘာဦး ၉:၁-၃ တွင် အတည်ပြုခဲ့သည်။ ထို့ကြောင့်၊ ယောရှုမှတ်စာပါ ဣသရေလလူမျိုးတို့၏ လူမျိုးစုအမွေ ဆက်ခံခြင်းမှတ်တမ်းသည် မူလပရိသတ်အတွက် ထင်ရှားစွာသက်ဆိုင်ပါသည်။ ယောရှုခေတ် ဣသရေလလူများကဲ့သို့ပင်၊ ကမ္ဘာမြေကြီးကိုအုပ်စိုးရန် ဘုရားသခင်၏လူသားများကို စေခိုင်းမှုတွင် ပါဝင်ရန် မူလပရိသတ်သည်လည်း ဖိတ်ခေါ် ခြင်းခံရသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**ဣသရေလလူမျိုး၏အထူးအမွေဆက်ခံခြင်း။** ဒုတိယအချက်အနေဖြင့် ဣသရေလလူမျိုး၏ အထူးအမွေဆက်ခံခြင်းကို ဘုရားသခင်စတင်ပေးခဲ့ကြောင်း ကျမ်းရေးသူသည်ပင်တာကျူအရ မှန်ကန်စွာနားလည် ခဲ့သည်။ ယောရှုခေတ်တွင် ဣသရေလလူမျိုးအား နယ်မြေများခွဲဝေခြင်းသည် ဤအမွေဆက်ခံခြင်း၏ ကနဦးပြည့်စုံမှုကိုကိုယ်စားပြုသည်။ ဥပမာ ကမ္ဘာဦး ၁၅:၁၈-၂၁ တွင်၊ ဘုရားသခင်သည် အီဂျစ်ပြည် နယ်နိမိတ်မှ ဥဖရတ်မြစ်အထိ သူ၏သားစဉ်မြေးဆက်များအတွက် အမွေအဖြစ်အာဗြဟံအား ကတိပေး ခဲ့သည်။ ထို့ကြောင့် ဣသရေလလူမျိုး၏နယ်မြေပိုင်ဆိုင်ရရှိခြင်းကို ပင်တာကျူမှ ဝေါဟာရများ ဖြစ်သော ဟေဗြဲကြိယာ *nachal* (נָחַל) — အဓိပ္ပာယ် "အမွေခံရန်"—နှင့် နာမ် *nachalah* (נַחֲלָה)— အဓိပ္ပာယ် "အမွေ"တို့ဖြင့် ယောရှုမှတ်စာသည်မကြာခဏရည်ညွှန်းပါသည်။ ဤအသုံးအနှုန်းက ဣသရေလတိုင်းနိုင်ငံသည် ဘုရားသခင်ထံမှ တည်မြဲသောပိုင်ဆိုင်မှုဖြစ်ကြောင်း ဖော်ပြသည်။

ထိုအကြောင်းကြောင့်၊ မူလပရိသတ်များသည် သူတို့၏လူမျိုးစုအမွေခွဲဝေရာတွင် ယောရှု၏ လုပ်ဆောင်မှုမှ များစွာသင်ယူခဲ့ကြသည်။ တရားသူကြီးများလက်ထက်တွင်၊ ဣသရေလအမျိုးအနွယ် များအကြား သဘောထားကွဲလွဲမှုနှင့် အခြားလူမျိုးများ၏ပြဿနာများသည် ယောရှု၏အောင်မြင်မှုများ ကို နှောင့်ယှက်ခဲ့သည်။ ဘုရင်စနစ်အတွင်း ဣသရေလဘုရင်များသည် ဣသရေလပြည်ကို ချဲ့ထွင်ခဲ့ သော်လည်း ဆုတ်ယုတ်မှုများနှင့် ဆုံးရှုံးမှုများကို ကြုံတွေ့ခဲ့ကြသည်။ မှန်ပါသည်၊ ဗာဗုလုန်၌ကျွန်ခံစဉ် တွင်၊ ဘုရားသခင်၏လူမျိုး အကြွင်းအကျန်အနည်းငယ်မျှသာ ထိုပြည်၌ကျန်ရစ်ခဲ့သည်။ ထိုနေရာတွင် အခြားလူမျိုးများ၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် သူတို့ကျန်ရစ်ခဲ့သည်။ ထို့ကြောင့်၊ ဣသရေလလူမျိုး ၏လူမျိုးစုအမွေခွဲဝေခြင်းသည် မူလပရိသတ်အား ၎င်းတို့၏ကာလတွင် ဘုရားသခင်အားဝတ်ပြု ကိုးကွယ်ခြင်းငှာ ကြိုးပမ်းမှုအတွက် ကြီးစွာသောအလင်းကို ပေးခဲ့သည်။

**ဣသရေလလူမျိုးဘုရင်၏ အနာဂတ်အမွေဆက်ခံခြင်း။** တတိယအချက်အနေဖြင့် ဣသရေလလူမျိုး၏ခါနာန်ပြည်အမွေဆက်ခံမှုသည် အနာဂတ်ဣသရေလဘုရင်၏အမွေဆက်ခံရန် ခြေတစ်လှမ်းဖြစ်ကြောင်း ကျမ်းရေးသူသိခဲ့သည်။ ခွဲခန့်ထားသည့်အချိန်၌၊ ဣသရေလလူမျိုး၏ ကြီးမြတ်ပြီးဖြောင့်မတ်သောဘုရင်သည် လူသားမျိုးနွယ်အပေါ် မူလတောင်းဆိုမှုကို ဖြည့်ဆည်းပေးကာ မြေကြီးတစ်ပြင်လုံးကိုအုပ်စိုးရန် တိုင်းနိုင်ငံတိုင်းကို သိမ်းပိုက်မည်ဖြစ်သည်။ ကျွန်ုပ်တို့ဖော်ပြခဲ့သည့် အတိုင်း၊ ကမ္ဘာဦး ၄၉:၁၀ တွင် ယုဒအမျိုးရာဇလှံတံအား "လူမျိုးတို့သည် ဆည်းကပ်ကြသည့်တိုင် အောင်" စိုးစံရမည်ဟု ဖော်ပြထားသည်။ ထို့အပြင်၊ ကမ္ဘာဦး ၁၇:၄ တွင် ဘုရားသခင်သည်အာဗြဟံအား "သင်သည် လူမျိုးအများတို့၏အဘဖြစ်လိမ့်မည်" ဟုကတိပြုခဲ့သည်။ ထို့ကြောင့် ဆာလံ ၂:၈ တွင် ဘုရားသခင်သည် အထူးသဖြင့် ဒါဝိဒ်မင်းမျိုးအား "လူအမျိုးမျိုးတို့ကို သင်၏အမွေဥစ္စာဖို့ ငါပေးမည်။ မြေကြီးစွန်းတိုင်အောင် ပိုင်ထိုက်သောအခွင့်ကိုလည်း ငါပေးမည်"ဟုဆိုခဲ့သည်။ ဣသရေလလူမျိုး ပရောဖက်များက ဒါဝိဒ်၏သားတော်မြတ်၏နိုင်ငံတော်သည် မြေကြီးစွန်းတစ်ဖက်မှ အခြားတစ်ဖက်တိုင် အောင် ဖြစ်လိမ့်မည်ဟု အကြိမ်ကြိမ်ဟောပြောခဲ့ကြသည်။ ပေါလုက ရောမ ၄:၁၃ တွင် ဤခမ္မဟောင်း ရှုမြင်ချက်များကို အကျဉ်းချုံ့ကာ "ဤလောကကိုအမွေခံစေလိမ့်မည်ဟု ကတိတော်ကို အာဗြဟံမှ စသော သူ၏အမျိုးအနွယ်တို့သည် ပညတ်တရားအားဖြင့်ရကြသည်မဟုတ်" ဟုရေးသားခဲ့သည်။

ကျမ်းရေးသူ၏မူလပရိသတ်အတွက် အကျိုးသက်ရောက်မှုသည် ရှင်းပါသည်။ ယောရှုမှတ်စာတွင် ဖတ်ရသည့်အရာများနှင့်အညီ၊ ဘုရားသခင်သည် မိမိ၏လူများကိုသူတို့၏ကာလတွင် ဤကမ္ဘာလုံး ဆိုင်ရာအမွေဆက်ခံရာပန်းတိုင်သို့ရောက်ရန် ပို့ဆောင်ပေးသည့်နည်းလမ်းများကို သူတို့ကျင့်သုံးရမည် ဖြစ်သည်။

> ရောမ ၄ တွင် တမန်တော်ပေါလုသည် အာဗြဟံနှင့် သူ၏သားစဉ်မြေးဆက် အတွက် အမွေဆက်ခံခြင်းဆိုင်ရာကတိတော်ကို ကမ္ဘာတစ်ဝှမ်းလုံးပါဝင်ကြောင်း အနက်ဖွင့်ဆိုသည်ကို တွေ့မြင်ရသည်။ ၎င်းသည် ပထမတွင်ကျွန်ုပ်တို့ကို အံ့သြစေနိုင်ပါသည်။ ကတိတော်မြေကို မြေထဲပင်လယ်၏အရှေ့ဘက်စွန်းရှိ နယ်မြေတစ်ခုအဖြစ် ကျွန်ုပ်တို့ယူဆပါသည်။ သို့သော် ဤသည်မှာ အာဗြဟံ၏ပဋိညာဉ်ကို ကမ္ဘာလုံးဆိုင်ရာအဖြစ် ပေါလုနားလည်သည့် နည်းတစ်ခုဖြစ်သည်။ ထို့ကြောင့် အာဗြဟံ၏ရုပ်ပိုင်းဆိုင်ရာ သားစဉ်မြေးဆက်များသာမက၊ ဘုရားသခင်၏ကတိတော်များကို ယုံကြည်ကိုးစားသော အာဗြဟံ၏ယုံကြည်ခြင်းခြေရာကို လိုက်ကြသူများကိုပါ သူသည်ပြောခြင်းဖြစ်သည်။ အမှန်တကယ်တွင်၊ ပေါလုသည် ယုဒလူမျိုးများသာမက ခရစ်တော်ကိုယုံကြည်သော တစ်ပါးအမျိုးသားများ သည်လည်း ဘုရားသခင်၏ကတိတော်အတိုင်း အာဗြဟံ၏ သားစဉ်မြေးဆက်များ၊ အမွေဆက်ခံသူများဖြစ်သည်ဟု အလေးပေးဖော်ပြသည်—ဂလာတိ ၃ ၏အဆုံးအရ။ ထို့ကြောင့် ရောမ ၄ တွင် ပေါလုက အာဗြဟံ၏သားသမီးများသည် ယုံကြည်ခြင်းအားဖြင့် ကမ္ဘာတစ်ခုလုံးကို အမွေခံရမည်ဟု ကတိပြုသောအခါ၊ သူသည် ထိုနားလည်မှုကို အမှန်တကယ်ဖော်ပြခြင်းဖြစ်သည်။
>
> **Dr Dennis E. Johnson**

## ပဋိညာဉ်သစ္စာစောင့်သိခြင်း

ကျမ်း၏ပထမပိုင်းနှင့် ဒုတိယပိုင်းများကဲ့သို့ပင်၊ ယောရှုမှတ်စာရေးသူသည် တတိယအပိုင်း— ဣသရေလလူမျိုး၏ ပဋိညာဉ်သစ္စာစောင့်သိမှုကို ကျင့်သုံးသောအခါ ပင်တာကျူမှအချို့သော ဓမ္မဆိုင်ရာရှုမြင်ချက်များကို ထိန်းသိမ်းထားရန် ၎င်း၏မူလပရိသတ်ကို မျှော်လင့်ခဲ့သည်။

**ကနဦးလူသားတို့၏ သစ္စာစောင့်သိမှု။** ပထမဦးဆုံး ကျမ်းရေးသူအနေဖြင့် ပဋိညာဉ်သစ္စာ စောင့်သိမှုသည်ဘုရားသခင်အပေါ် လူသားတို့၏သစ္စာစောင့်သိမှု ကနဦးလိုအပ်ချက်တွင် အခြေခံနေကြောင်း ပင်တာကျူထံမှ နားလည်ခဲ့သည်။ ဘုရားသခင်၏ပုံသဏ္ဍာန်များဖြစ်ခြင်းသည် ကျွန်ုပ်တို့အား ပဋိညာဉ်အားဖြင့် ဘုရားသခင်နှင့် ပေါင်းစပ်ထားပြီး၊ ဤပေါင်းစပ်မှုတွင် ကိုယ်တော်အတွက် သစ္စာရှိစွာ အစေခံရန်တောင်းဆိုသည်။ ကမ္ဘာဦး ၁–၃ နှင့် ဟောရှေ ၆:၇ တွင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖော်ပြထားသည့်အတိုင်း အာဒံ၌ရှိသော လူသားအားလုံးနှင့်ပြုသော ဘုရားသခင်၏ပဋိညာဉ်သည် နာခံမှုကိုတောင်းဆိုသည်။ ကမ္ဘာဦး ၆၊ ၉ တွင် နောနှေင့်ပြုသော ဘုရားသခင်၏ပဋိညာဉ်က လူသားအားလုံးသည် ပဋိညာဉ်အားဖြင့် ဘုရားသခင်အားအစေခံရန် လိုအပ်ကြောင်း ဖော်ပြသည်။ ဤအရာသည် အချိန်တိုင်းလူတိုင်းအတွက် မှန်ကန်သောကြောင့် ယောရှုအားသူ၏ခေတ်တွင် ပဋိညာဉ်သစ္စာစောင့်သိရန်တောင်းဆိုချက်မှ မူလပရိသတ်သည်များစွာသင်ယူနိုင်သည်။ အခြားလူသားများကဲ့သို့ပင် သူတို့သည် ဘုရားသခင်အား သစ္စာရှိစွာအစေခံရန်တာဝန်ရှိသည်။

**ဣသရေလလူမျိုး၏ပဋိညာဉ်ဆိုင်ရာ အထူးသစ္စာစောင့်သိခြင်း။** ဒုတိယအချက်အနေဖြင့် မူလပရိသတ်များသည် ဣသရေလလူမျိုး၏ ပဋိညာဉ်ဆိုင်ရာ အထူးသစ္စာစောင့်သိခြင်းကိုလည်း သတိပြုရမည်ဖြစ်သည်။ သိမ်းပိုက်အောင်မြင်ချိန်၌ ဘုရားသခင်၏ပဋိညာဉ်ကို သစ္စာစောင့်သိရန် လူတို့အား ယောရှု၏တိုက်တွန်း ခဲ့ခြင်းကို ကျမ်းရေးသူသည် သေချာစွာမှတ်သားခဲ့သည်။ လူများသည် လိုက်နာမည်အကြောင်း ကတိပြု ကြသည်။

ကမ္ဘာဦးကျမ်း ၁၇ တွင် အာဗြဟံနှင့်ပြုသော ဘုရားသခင်၏ပဋိညာဉ်ကို မူလပရိသတ်များ သိကြမည်ဖြစ်သည်။ ဤနေရာတွင် ဘုရားသခင်သည် သူ၏ရှေ့၌ အပြစ်ကင်းစင်ခြင်းကတိကဝတ်အဖြစ် အရေဖျားလှီးခြင်းကို တောင်းဆိုခဲ့သည်။ ထွက်မြောက်ရာ ၁၉-၂၄ တွင် ဘုရားသခင်မောရှေနှင့်ပြုသော ပဋိညာဉ်သည် — တရားဟောရာကျမ်း၌ ပြန်လည်ဖော်ပြသည်—ဣသရေလလူမျိုးသည် မောရှေ၏ တရားတော်ကိုနာခံရမည်ဟု ထင်ရှားစွာဖော်ပြထားသည်။ ယခု ကျမ်း၏တတိယပိုင်းတွင်၊ အထူးသဖြင့် မိစ္ဆာနတ်ဘုရားများကိုငြင်းပယ်ရန် တောင်းဆိုချက်ကို ဣသရေလလူမျိုးအနေဖြင့်မဖြည့်ဆည်းနိုင်ပါက သူတို့ထံကျရောက်လာမည့် စုံစမ်းမှုများကို အာရုံစိုက်သည်။ အကယ်၍ သူတို့သည်သစ္စာမဲ့ပါက ဆင်းရဲဒုက္ခ၊ ရှုံးနိမ့်ခြင်းနှင့် ကတိတော်ပြည်မှနှင်ထုတ်ခံရနိုင်ခြင်းတို့ကို သူတို့ရှေ့၌ထားတော်မူသည်။

ကျမ်း၏မူလပရိသတ်များ၏ခေတ်ကာလတွင် ဤစုံစမ်းမှုများစတင်နေပြီဖြစ်သည်။ တရားသူကြီးများလက်ထက်တွင်၊ ဣသရေလလူမျိုးတို့သည် ဒုက္ခသံသရာထဲသို့ ရောက်ခဲ့သည်။ ဘုရင်စနစ်အတွင်း၊ လူများနှင့် ဘုရင်များသည် အကြိမ်ကြိမ်ရုပ်တုကိုးကွယ်ခြင်းကြောင့် ဣသရေလ လူမျိုးအပေါ် တရားစီရင်မှုများ ပိုမိုကျရောက်ခဲ့သည်။ ဗာဗုလုန်၌ကျွန်ခံရစဉ်တွင်၊ ကတိတော်ပြည်ကို ဆုံးရှုံးရမည့်ခြိမ်းခြောက်မှုသည် ကြောက်မက်ဖွယ်အဖြစ်မှန်ဖြစ်လာခဲ့သည်။ ထို့ကြောင့်၊ မူလပရိသတ် များသည် သူတို့၏ကာလတွင်ကြုံတွေ့နေရသော ဘုရားသခင်၏တရားစီရင်ချက်များနှင့်ပတ်သက်၍ ဣသရေလလူမျိုးအား ယောရှု၏သတိပေးချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

**ဣသရေလဘုရင်နှင့် အနာဂတ်ပဋိညာဉ်ဖွဲ့ခြင်း။** တတိယအချက်အနေဖြင့် ယောရှုလက်ထက် တွင်ဖြစ်ပျက်ခဲ့သောအရာက ဘုရားသခင်သည် ဣသရေလဘုရင်နှင့် အနာဂတ်ပဋိညာဉ်ဖွဲ့မည့်အရာ ဖြစ်သည်ဟုလည်း မျှော်မှန်းထားသည်။ ကမ္ဘာဦး ၄၉:၁၀ တွင် ယုဒရှင်ဘုရင်တစ်ပါးကိုစိုးစံရန် ဘုရားသခင်ခန့်အပ်ထား ကြောင်းတွေ့ရသည်။ ထို့ပြင် ကမ္ဘာဦးကျမ်း ၁၇:၆ တွင်လည်း ဣသရေလ လူမျိုးတွင်ဘုရင်တစ်ပါးရှိ မည်ဟုဖော်ပြသည်။ တရားသူကြီးများလက်ထက် ဣသရေလလူမျိုးတွင် တရားဝင်ဘုရင်မရှိ သော်လည်း၊ တရားသူကြီး ၂၁:၂၅ နှင့် ဟန္န၏သီချင်းအဆုံး ၁ ဓမ္မရာဇဝင် ၂:၁၀ တွင်

ဤကာလအတွင်း၌ ပင်သစ္စာရှိသူများသည် ဣသရေလတော်ဝင်မိသားစုမှတစ်ဆင့် ကယ်တင်မှုကို ရှာဖွေကြောင်း ဖော်ပြသည်။

ယခု၊ ယောရှုမှတ်စာကို ဣသရေလဘုရင်စနစ်အတွင်း သို့မဟုတ် ဗာဗုလုန်၌ကျွန်ခံရစဉ်အတွင်း ရေးသားခဲ့မည်ဆိုလျှင်၊ မူလပရိသတ်များသည် ဒါဝိဒ်နှင့်ပြုသော ဘုရားသခင်၏မင်းဆက်ပဋိညာဉ်ကို သစ္စာစောင့်သိရန် ယောရှု၏တောင်းဆိုမှုကို အမှတ်ရကြပေမည်။ ၂ ဓမ္မရာဇဝင် ၇ နှင့် ဆာလံ ၈၉၊ ၁၃၂ တွင်၊ ဘုရားသခင်၏ဒါဝိဒ်နှင့်ပြုသော ပဋိညာဉ်သည် သစ္စာစောင့်သိမှုအတွက် မည်သို့ဖော်ပြသည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ဒါဝိဒ်၏သားမြေးများသည် ဣသရေလလူမျိုးများကို ဘုရားသခင်ရှေ့တော်၌ ကိုယ်စားပြုသောကြောင့် ဘုရားသခင်အပေါ် သစ္စာစောင့်သိရမည်ဖြစ်သည်။

ထို့အပြင်၊ ယေရှာယ ၅၃:၁၁ ၏ပရောဖက်ပြုချက်အရ၊ ဣသရေလ၏ပြီးပြည့်စုံသောဖြောင့်မတ်သည့်ရှင်ဘုရင်“ဖြောင့်မတ်သော[သခင်]ကျွန်”၏အစားထိုးသေဆုံးခြင်းကြောင့် အနာဂတ်တွင် ထာဝရခွင့်လွှတ်ခြင်းရရှိမည်ဖြစ်သည်။ ဤကြီးမြတ်သောရှင်ဘုရင်သည် ယေရမိ ၃၁ တွင် ကြိုတင်ဟောပြောထားသော ပဋိညာဉ်တရားသစ်ကိုယူဆောင်လာသူ ခရစ်တော်မှလွဲ၍ အခြားရှင်ဘုရင်မဟုတ်ပါ။ ဤပဋိညာဉ်သည် ခရစ်တော်ပြန်လည်ကြွဆင်းလာပြီး အရာခပ်သိမ်းကို အသစ်ပြုသောအခါတွင် ပြည့်စုံမည်ဖြစ်သည်။ မူလပရိသတ်များသည် ပဋိညာဉ်သစ္စာစောင့်သိရန် ယောရှု၏တောင်းဆိုချက်ကို မိမိတို့ကာလတွင်ကျင့်သုံးသောအခါ၊ ဘုရားသခင်သည် သူ၏လူတို့နှင့်ဖွဲ့ထားသော ပဋိညာဉ်များ၏ တိုးတက်ဖြစ်ထွန်းမှုများကို သူတို့လိုက်နာကြသည်။

ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ယောရှုမှတ်စာ၏မူလအဓိပ္ပာယ်ကို နားလည်ရန်ကြိုးပမ်းရာတွင်၊ ကျမ်းရေးသူသည်ပရိသတ်များအား ယောရှုခေတ်တွင်ဖြစ်ပျက်ခဲ့သည့်အရာများကို သိရှိစေလိုကြောင်း အစဉ်ရှုမြင်နေရမည်ဖြစ်သည်။ သို့သော်၊ သိမ်းပိုက်အောင်မြင်ခြင်း၊ လူမျိုးစုအမွေဆက်ခံခြင်းများနှင့် ပဋိညာဉ်သစ္စာစောင့်သိရန် တောင်းဆိုခြင်းဆိုင်ရာ သူ၏မှတ်တမ်းများကို ၎င်းတို့၏ခေတ်အခြေအနေနှင့် သင့်လျော်သောနည်းလမ်းများဖြင့်လည်း ကျင့်သုံးစေလိုသည်။

ယောရှုမှတ်စာမိတ်ဆက်တွင် ယခုအချိန်အထိ ကျမ်းရေးသူနှင့်ရေးသားချိန်၊ ကျမ်း၏ဖွဲ့စည်းပုံနှင့် မူလရည်ရွယ်ချက်ကို ကျွန်ုပ်တို့လေ့လာခဲ့သည်။ ယခု ဤသင်ခန်းစာ၏တတိယအဓိကအကြောင်းအရာဖြစ်သည့် ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းကို မိတ်ဆက်ရန် အနေအထားတွင်ရှိနေပါသည်။ ယောရှုမှတ်စာသည် ခရစ်တော်နောက်လိုက်သောကျွန်ုပ်တို့၏အသက်တာအပေါ် မည်သို့သက်ရောက်သနည်း။

# ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်း

ဟေဗြဲဘာသာဖြင့် “ယေရှု” ဟူသောအမည်သည် ယောရှုဖြစ်သည်။ ဤရိုးရှင်းသောအချက်သည် ယောရှုခေတ်ကစတင်ခဲ့သောအရာများကို ယေရှုဖြည့်ဆည်းပေးကြောင်း သို့မဟုတ် ပြီးမြောက်စေခဲ့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကြောင်း ကျွန်ုပ်တို့အားခရစ်ယာန်ရှုထောင့်မှ အသိပေးသည်။ ယောရှုမှတ်စာအား ကျွန်ုပ်တို့၏ အသက်တာတွင် လက်တွေ့ကျင့်သုံးခြင်းသည် ဤခရစ်တော်၌ပြည့်စုံခြင်းမှ စီးဆင်းသည်။ ယောရှုမှတ်စာနှင့်ယေရှုကြားရှိ ဤဆက်စပ်မှုကို ကျွန်ုပ်တို့ပိုမိုနားလည်လေ၊ ခရစ်တော်၏နောက်လိုက်များအနေဖြင့် ဤကျမ်း၏အကျိုးသက်ရောက်မှုကို နားလည်နိုင်လေဖြစ်သည်။ ကျွန်ုပ်တို့မြင်ခဲ့ရသည့်အတိုင်း၊ ယောရှု၏ခေါင်းဆောင်မှုအောက်တွင် ဣသရေလလူမျိုး၏သိမ်းပိုက်အောင်မြင်ခြင်း၊ လူမျိုးစုအမွေဆက်ခံခြင်းများနှင့် ပဋိညာဉ်သစ္စာစောင့်သိမှုအကြောင်း ကျမ်းရေးသူ၏ရေးသားခဲ့ခြင်းသည် ဣသရေလ၏နောင်မျိုးဆက်များကို လမ်းပြရန်အတွက်ဖြစ်သည်။ သို့သော် အနာဂတ်တွင် ကြီးမြတ်သောဣသရေလရှင်ဘုရင်သည် ကြွလာမည်ဖြစ်ပြီး ယောရှုမှတ်စာတွင် ဖော်ပြထားသည့် ပန်းတိုင်အားလုံးကို ပြီးမြောက်စေမည်ဟု ကျမ်းရေးသူနားလည်ခဲ့သည်။

> ယောရှုသည် အောင်မြင်သည့်တိုက်ပွဲများကို ဦးဆောင်ချိန်၌၊ သူသည် ကတိတော်ပြည်ကိုသိမ်းပိုက်ရန် လူမျိုးကိုဦးဆောင်နေခဲ့သည်။ လူမျိုးသည် ကျရှုံးပြီး အပြစ်လုပ်သောအခါတွင် သူတို့ကိုယ်စားတောင်းပန်ခဲ့သည်။ သူသည် လူမျိုးတို့အတွက်ဆုတောင်းပြီး၊ ကတိတော်လူမျိုးကို ကတိတော်ပြည်သို့ ပို့ဆောင်ပေးခဲ့သည်။ ဤအရာအားလုံးသည် သခင်ယေရှုခရစ်၏ပုံဆောင်ချက်ဖြစ်သည်။ ဟေဗြဲ ၄ ၌ရေးထားသကဲ့သို့၊ ခရစ်တော်သည် ဘုရားသခင်၏ လူများကို သူတို့၏ကတိတော်အမွေသို့ ပို့ဆောင်ခဲ့သည်။ ကိုယ်တော်သည် ဘုရားသခင်၏လူမျိုးကိုယ်စား ဆုတောင်းပေးကာ၊ သခင်ယေရှုခရစ်၏ အသင်းတော်ဖြစ်သည့် ဓမ္မသစ်လူမျိုးအတွက် ယဇ်ပုရောဟိတ်မင်း၏အမှုကို ဆောင်ရွက်ခဲ့သည်။ ဤအရာအားလုံးသည် ဓမ္မသစ်ကာလအတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။

**Rev. Henryk Turkanik**

အကျယ်အားဖြင့်ပြောရလျှင် ဣသရေလလူမျိုး၏မေရှိယအနေဖြင့် ယေရှုသည် ဤပန်းတိုင်များကို အဓိကနည်းလမ်းနှစ်ခုဖြင့် ဖြည့်ဆည်းပေးသည်။ ဦးစွာ ယောရှုလက်ထက်တွင် ဣသရေလလူမျိုးတို့ လုပ်ဆောင်ခဲ့သော ကောင်းသောအရာများ—ခါနန်ပြည်ကိုသိမ်းပိုက်ခြင်း၊ ကတိတော်ပြည်အား ကနဦးအမွေဆက်ခံခြင်းနှင့် ဘုရားသခင်ထံ ဣသရေလလူမျိုး၏သစ္စာပဋိညာဉ်ပြုခြင်း—ကိုနှိုင်းယှဉ်သောအခါ၊ ယေရှုသည် ပန်းတိုင်တစ်ခုစီကို မည်သို့တိုးချဲ့ပြီး အကြွင်းမဲ့ဖြည့်ဆည်းပေးသည်ကို တွေ့မြင်နိုင်သည်။ ဒုတိယအနေဖြင့်၊ ယေရှု၏အောင်မြင်မှုများနှင့် ဣသရေလလူမျိုးတို့၏ကျရှုံးမှုများ—မိန့်တော်မူသည့်အတိုင်း ခါနန်လူအားလုံးကို ဖျက်ဆီးနိုင်စွမ်းမရှိခြင်း၊ လူမျိုးစုအမွေဆက်ခံခြင်းများအတွက် ငြင်းခုံခြင်း၊ ဘုရားသခင်၏ပဋိညာဉ်ကို သစ္စာစောင့်သိရန်ပျက်ကွက်ခြင်း—ကိုနှိုင်းယှဉ်သောအခါ၊ ယေရှုသည်အားလုံးကို အမှန်တကယ် *ပြောင်းပြန်လှန်* ပစ်သည်ကို သိမြင်နိုင်ပါသည်။ ဤနည်းဖြင့်၊

ယေရှုသည် မြေကြီးတစ်ခုလုံးကိုသိမ်းပိုက်အောင်မြင်ပြီး အရာခပ်သိမ်းကိုအမွေခံကာ ကမ္ဘာပေါ် ရှိနေရာတိုင်းတွင် ပဋိညာဉ်သစ္စာစောင့်သိခြင်းကို တည်ဆောက်ခဲ့သည်။

သို့သော် ယောရှုမှတ်စာအား ယနေ့ကာလခရစ်ယာန်ရှုထောင့်မှ လက်တွေ့မည်သို့အသုံးပြုမည်ကို နားလည်ရန်၊ တစ်စုံတစ်ရာကိုသတိရရန်လိုသည်– ဤမေရှိယဆိုင်ရာပြည့်စုံမှုပန်းတိုင်များသည် အချိန်နှင့်အမျှပြည့်စုံလာရန် ဘုရားသခင်ဆုံးဖြတ်ခဲ့သည်။

ဓမ္မဟောင်းပရောဖက်ပြုချက်ကိုအခြေခံ၍ ပထမရာစုပါလက်စတိုင်းရှိ ယုဒလူမျိုးများစွာက မေရှိယသည် ကမ္ဘာလုံးဆိုင်ရာအောင်မြင်မှုရပြီး၊ ကမ္ဘာလောကကိုအမွေခံကာ နေရာတိုင်းတွင် ပဋိညာဉ်သစ္စာစောင့်သိခြင်းကို ဖြန့်ကျက်မည်ဟု ယုံကြည်ခဲ့ကြသည်။ ဤယုဒလူမျိုးများက ကိုယ်တော်သည်ဤအရာကို လျင်မြန်စွာနှင့် ပုံမှန်မဟုတ်သောဖြစ်ရပ်များနှင့်ပြုမည်ဟုလည်း ယုံကြည်ကြသည်။ ဆန့်ကျင်ဘက်အနေနှင့်၊ ယေရှုနှင့် ဓမ္မသစ်ကျမ်းရေးသူများက ယေရှုတည်ထောင်ခဲ့သောနိုင်ငံတော်သည် အပြန်အလှန်ဆက်စပ်နေသည့် အဆင့်သုံးဆင့်ဖြင့် တဖြည်းဖြည်းထွန်းကားလာမည်ဖြစ်ကြောင်း အကြိမ်ကြိမ်ရှင်းပြခဲ့ကြသည်။

နိုင်ငံတော်၏အဆင့်တစ်ခုစီကို သီးသန့်ကြည့်ရှုခြင်းဖြင့် ယောရှုမှတ်စာအား ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းသို့ ဦးတည်ချက်ကိုရရှိမည်ဖြစ်သည်။

# နိုင်ငံတော်စတင်ခြင်း

ဦးစွာ၊ သခင်ယေရှု၏နိုင်ငံတော်စတင်တည်ထောင်ခြင်းတွင် ယေရှုလုပ်ဆောင်ခဲ့သောအရာများကိုဆန်းစစ်ခြင်းဖြင့် ယောရှုမှတ်စာတွင်ဖော်ပြထားသောမျှော်လင့်ချက်များကို ခရစ်တော်မည်သို့ ဖြည့်ဆည်းပေးခဲ့သည်ကို သုံးသပ်ပါမည်။ ဒုတိယ၊ နိုင်ငံတော်ဆက်လက်တည်မြဲခြင်းကာလတွင် ယောရှုမှတ်စာကို ကိုယ်တော်မည်သို့ပြည့်စုံစေကြောင်း လေ့လာပါမည်။ တတိယ၊ ကိုယ်တော်၏ ဘုန်းတော်နှင့်ပြန်လည်ရောက်ရှိလာစဉ် နိုင်ငံတော်ပြီးပြည့်စုံချိန်၌ သခင်ယေရှုလုပ်ဆောင်မည့် အရာများကို လေ့လာပါမည်။ ခရစ်တော်၏နိုင်ငံတော်စတင်တည်ထောင်ခြင်းအကြောင်းကို ဦးစွာသုံးသပ်ကြည့်ပါ။

## သိမ်းပိုက်အောင်မြင်ခြင်း

သခင်ယေရှု၏နိုင်ငံတော်စတင်တည်ထောင်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာသိမ်းပိုက်အောင်မြင်ခြင်း၏ကနဦးအဆင့်ဖြစ်ကြောင်း ဓမ္မသစ်ကျမ်းနေရာများစွာတွင် သွန်သင်ထားသည်။ သို့သော် ယောရှုမှတ်စာပါ ဣသရေလလူမျိုးများ၏သိမ်းပိုက်အောင်မြင်ခြင်းကို ယေရှု၏ပထမကြွလာခြင်းနှင့် နှိုင်းယှဉ်ကြည့်သောအခါ ထူးခြားသည့်ခြားနားချက်ကို တွေ့ရသည်။ ယောရှုပြုသည့်အတိုင်း ရုပ်ပိုင်းဆိုင်ရာဓားကိုယူမည့်အစား ယေရှုသည်ဗျူဟာနှစ်ရပ်ကို လိုက်နာခဲ့သည်– သူသည် စာတန်နှင့် သူ၏နတ်ဆိုးများအပေါ် အဆုံးစွန်သောအောင်မြင်မှုကို စတင်ခဲ့သည်။ ထို့ပြင် ကိုယ်တော်သည် ရောက်ရှိလာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မည့်စီရင်ခြင်းကိုကြေငြာခြင်း၊ ဘုရားသခင်၏ကရုဏာတော်ကိုပေးခြင်းဖြင့် နိုင်ငံတော်ဆိုင်ရာ ဧဝံဂေလိတရား သို့မဟုတ် "သတင်းကောင်း" ကို လူသားတို့အား ဟောပြောခဲ့သည်။

ရှင်ယောဟန် ၁၂:၃၁၊ ၃၂ တွင် ယေရှုသည် ဤနည်းဗျူဟာနှစ်ရပ်ကို ဤသို့မိန့်တော်မူခဲ့သည်– "ဤလောကကိုအစိုးရသောမင်းသည် ပြင်သို့နှင်ထုတ်ခြင်းကိုခံရလိမ့်မည်။ ငါသည်လည်း...လူအပေါင်းတို့ကို ငါ့ထံသို့ငါဆွဲမည်။" ထို့ကြောင့်၊ ကောလောသဲ ၂:၁၅ တွင် တမန်တော်ပေါလုသည် ယေရှု၏ အသေခံခြင်းကို "အထွတ်အမြတ်၊ အာဏာစက်များကိုလုယူလျှင်၊ ထင်ရှားစွာထုတ်ပြ၍ လက်ဝါးကပ်တိုင်တော်အားဖြင့် အောင်ပွဲကိုခံတော်မူပြီ"ဟု ဖော်ပြထားသည်။ ပေါလုကလည်း ဧဖက် ၄:၈ တွင် "ထိုသို့နှင့်အညီ ကျမ်းစာ၌လာသည်ကား၊ [ခရစ်တော်] မြင့်သောအရပ်သို့တက်ကြွတော်မူသဖြင့်၊ များစွာသောသူတို့ကိုဖမ်းသွားတော်မူ၍၊ [လူတို့အား] ဆုလာဘ်များကို ပေးတော်မူသည်ဟု လာသတည်း။"

## လူမျိုးစုအမွေဆက်ခံခြင်းများ

ခရစ်တော်၏နိုင်ငံတော်စတင်တည်ထောင်ခြင်းသည် ဘုရားသခင့်လူမျိုးအတွက် ကမ္ဘာလုံးဆိုင်ရာအမွေဆက်ခံမည့် မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးပုံရှုထောင့်နှစ်ခုကိုလည်း ဓမ္မသစ်ကျမ်းသည် အလေးပေးဖော်ပြသည်။ တစ်ဖက်တွင်၊ ဟေဗြဲ ၁:၂ တွင် "[ဘုရားသခင်] သည် ထိုသားတော်ကို အလုံးစုံတို့၏အမွေခံသခင်အရာ၌ ခန့်ထားတော်မူ၏။ သားတော်အားဖြင့်လည်း လောကဓာတ်တို့ကို တည်တော်မူ၏"ဟု ဖော်ပြသည်။ မဿဲ ၂၈:၁၈ တွင်၊ ယေရှုက "ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ"ဟု တပည့်တော်များအား မိန့်တော်မူသောအခါ ဤအမွေကိုရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

အခြားတစ်ဖက်တွင်၊ ယေရှုသည် သူ၏အသင်းတော်အပေါ် သန့်ရှင်းသောဝိညာဉ်တော်ကို သွန်းလောင်းသောအခါ ကမ္ဘာလုံးဆိုင်ရာနမူနာအမွေကိုပေးခဲ့ကြောင်းလည်း ဓမ္မသစ်ကျမ်းက အလေးပေးဖော်ပြသည်။ ဟေရှာယ ၄၄:၃၊ ၄ ကဲ့သို့သော ပရောဖက်ပြုချက်များအရ၊ သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းသည် တစ်နေ့တွင် ဖန်ဆင်းခြင်းတစ်ခုလုံးကို အသစ်ပြန်လည်ဖြစ်စေမည်ဖြစ်သည်။ ထို့ကြောင့်၊ ဧဖက် ၁:၁၄ တွင် ပေါလုက အသင်းတော်အပေါ် သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းကို "ငါတို့အမွေ၏စရန်"အဖြစ် ဆိုခဲ့သည်။ ၂ ကောရိန္သု ၁:၂၂ နှင့် ၅:၅ တွင် သူရေးထားသကဲ့သို့၊ ဝိညာဉ်တော်သည် နောင်လာမည့် "စရန်"—ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ကျွန်ုပ်တို့၏ အနာဂတ်အမွေ ဖြစ်သည်။

## ပဋိညာဉ်သစ္စာစောင့်သိခြင်း

ထို့အပြင်၊ ခရစ်တော်၏နိုင်ငံတော်စတင်တည်ထောင်ခြင်းသည် ပဋိညာဉ်တရားသစ်ခေတ်တွင် ပဋိညာဉ်သစ္စာစောင့်သိမှုကို အလေးပေးကြောင်း ဓမ္မသစ်ကျမ်းက ကြေညာသည်။ ယေရမိ ၃၁ ပါ ပဋိညာဉ်တရားသစ်ဆိုင်ရာ ပရောဖက်ပြုချက်ကိုကိုးကား၍ ယေရှုက လုကာ ၂၂:၂၀ တွင် တပည့်တော်များအား "ဤခွက်ကား... ငါ၏အသွေး၌တည်သော ပဋိညာဉ်တရားသစ်ဖြစ်၏" ဟုမိန့်တော်မူခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဓမ္မသစ်ကျမ်းရေးသူများက ယေရှုသည် နောက်ဆုံးသောအပြစ်ဖြေခြင်းအဖြစ် လက်ဝါးကပ်တိုင်တွင် ဘုရားသခင်၏ထာဝရတရားစီရင်ခြင်းကို စစ်မှန်သောယုံကြည်သူများအတွက် ခံယူခဲ့ကြောင်း ထင်ရှားစွာဖော်ပြထားသည်။

သို့သော် ပဋိညာဉ်တရားသစ်၏ပြည့်စုံမှုကို ယေရှုသည် သူ၏ပထမအကြိမ်ကြွလာခြင်းတွင် ကမ္ဘာမြေသို့ ယူဆောင်လာခဲ့ခြင်းမဟုတ်ကြောင်း ကျွန်ုပ်တို့သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် အလုံးစုံသန့်ရှင်းခြင်းမရှိသောကြောင့် သူနှင့် သူ၏တမန်တော်များနှင့် ပရောဖက်များ သည်ဘုရားသခင်အပေါ်သစ္စာရှိရန် စစ်မှန်သောယုံကြည်သူများကိုပင် ညွှန်ကြားထားဆဲဖြစ်သည်။ ထို့ထက်မက၊ ၂ ကောရိန္သု ၁၁:၂၆ နှင့် ဂလာတိ ၂:၄ တွင် ပေါလုပြောခဲ့သည့်အတိုင်း ကျွန်ုပ်တို့တွင် "ညီအစ်ကိုဖြစ်ယောင်ဆောင်သောသူတို့" ရှိသေးသည်။ ပဋိညာဉ်သစ္စာစောင့်သိမှုကိုတောင်းဆိုခြင်းမှာ ကျွန်ုပ်တို့သည်ပဋိညာဉ်အသစ် အကြွင်းမဲ့ပြည့်စုံရန် စောင့်ဆိုင်းနေသောကြောင့်ဖြစ်သည်။

# ဆက်လက်တည်မြဲခြင်း

နိုင်ငံတော်စတင်တည်ထောင်ခြင်းနှင့်စပ်လျဉ်း၍ ယောရှုမှတ်စာအား ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းနှင့် ခရစ်တော်၏နိုင်ငံတော်ဆက်လက်တည်မြဲခြင်းအကြောင်း ဓမ္မသစ်ကျမ်း၏ သွန်သင်ချက်သည် တူညီသည်။

## သိမ်းပိုက်အောင်မြင်ခြင်း

ဓမ္မသစ်ကျမ်းသည် ယေရှု၏နိုင်ငံတော်ဆက်လက်တည်ရှိမှုကို အသင်းတော်တွင်လုပ်ဆောင် နေသော ကိုယ်တော်၏ဝိညာဉ်တော်အားဖြင့် ကမ္ဘာတစ်ဝှမ်းတွင် သူ၏သိမ်းပိုက်အောင်မြင်ခြင်း တိုးချဲ့ နေသည့်အချိန်အဖြစ် ဖော်ပြသည်။ ၁ ကောရိန္သု ၁၅:၂၅ တွင် ပေါလုပြောခဲ့သည့်အတိုင်း "[ခရစ်တော်] သည် ရန်သူအပေါင်းတို့ကို ခြေဖဝါးတော်အောက်၌ ချထားတော်မမူမီတိုင်အောင် [ကောင်းကင်ဘုံ၌] အုပ်စိုးတော်မူရမည်။" သို့သော် အသင်းတော်အနေဖြင့် ကျွန်ုပ်တို့၏တာဝန်သည် ယေရှုနှင့် ကိုယ်တော်၏ တမန်တော်များနှင့် ပရောဖက်များထက် ရုပ်ပိုင်းဆိုင်ရာလက်နက်များကို ကိုင်ဆောင်ထားခြင်းမရှိပါ။ ယင်းအစား၊ ယေရှု၏ပထမကြွလာချိန်၌ ချမှတ်ခဲ့သော နည်းဗျူဟာနှစ်ရပ်ကို ကျွန်ုပ်တို့ဆက်လက်လုပ် ဆောင်သည်။

တစ်ဖက်တွင်၊ ကမ္ဘာ၏နေရာများစွာတွင် စာတန်နှင့် နတ်ဆိုးများအားတိုက်ခိုက်မှုကို ကျွန်ုပ်တို့ ပိုမိုလုပ်ဆောင်သည်။ အကြောင်းမူကား၊ ငါတို့သည် အသွေးအသားရှိသောရန်သူတို့နှင့် ဆိုင်ပြိုင် တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သောမင်းတို့နှင့်၎င်း၊ မိုဃ်းကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်၎င်း၊ ဆိုင်ပြိုင်တိုက်လှန် ရကြ၏ (ဧဖက် ၆:၁၂)။ အခြားတစ်ဖက်တွင်၊ လူသားများအား ဘုရားသခင်၏ ရောက်ရှိလာမည့်တရား စီရင်ခြင်းအကြောင်း သတိပေးကာ ခွင့်လွှတ်ခြင်းနှင့် ထာဝရအသက်ကိုပေးသည့် သတင်းကောင်းကို ကြေညာခြင်းဖြင့် ခရစ်တော်ကို ယနေ့ကျွန်ုပ်တို့ကိုယ်စားပြုပါသည်။ ၂ ကောရိန္သု ၅:၂၀ တွင်၊ "ငါတို့သည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်တော်၏သံတမန်များဖြစ်ကြ၏။ သင်တို့သည်ရန်ငြိမ်း၍ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ကြလော့ … ငါတို့သည် ခရစ်တော်၏ကိုယ်စားဖြစ်၍"ဟု တွေ့ရသည်။

## လူမျိုးစုအမွေဆက်ခံခြင်းများ

ဘုရားသခင့်လူမျိုးတော်အတွက် ကမ္ဘာလုံးဆိုင်ရာအမွေဆက်ခံခြင်းဆိုင်ရာ ကျွန်ုပ်တို့၏ မျှော်လင့်ချက်သည် အသင်းတော်သမိုင်းတစ်လျှောက် ကိုယ်တော်၏နိုင်ငံတော်ဆက်လက်တည်မြဲခြင်း တွင်ထပ်၍တိုးလာသည်ကို သိမြင်ရသည်။ သခင်ယေရှုသည် အရာခပ်သိမ်းအတွက် ဘုရားသခင် ခန့်အပ်ထားသော အမွေဆက်ခံသူဖြစ်သည် ဟူသောအချက်က နေရာတိုင်းမှလူများသည် ကိုယ်တော်ကို သခင်အဖြစ် လက်ခံယုံကြည်လာသည်နှင့်အမျှ ပို၍ထင်ရှားလာသည်။ ခရစ်တော်သည် သန့်ရှင်းသော ဝိညာဉ်တော်စရန်ကို ကမ္ဘာတဝှမ်းရှိလူများအား ပေးဝေသည်။ ဂလာတိ ၃:၂၉ တွင် "ခရစ်တော်နှင့်စပ်ဆိုင် လျှင် … ကတိတော်အတိုင်း အမွေခံ၏အရာ၌တည်ကြ၏" ဟုတွေ့ရသည်။ ရောမ ၈:၁၆၊ ၁၇ တွင် "ငါတို့သည် … ဘုရားသခင်၏အမွေခံ—ထိုသခင်နှင့်ဆက်ဆံသော အမွေခံလည်းဖြစ်ကြ၏"ဟု ဖော်ပြ ထားသည်။

## ပဋိညာဉ်သစ္စာစောင့်သိခြင်း

ခရစ်တော်၏နိုင်ငံတော်ဆက်လက်တည်မြဲချိန်အတွင်း ပဋိညာဉ်သစ္စာစောင့်သိမှုအပေါ် ယောရှု၏ အလေးပေးချက်ကိုလည်း နည်းလမ်းများစွာဖြင့်တွေ့မြင်နိုင်သည်။ အသင်းတော်သည် ကမ္ဘာတစ်ဝှမ်း ပျံ့နှံ့သွားသည်နှင့်အမျှ၊ ပဋိညာဉ်သစ်အသွေးတော်၏ပြည့်ဝသောအပြစ်ဖြေခြင်းသည် ကယ်တင်ခြင်းသို့ ရောက်သော ယုံကြည်ခြင်းရှိသူအားလုံး၏အပြစ်များကို ဖုံးကွယ်ထားဆဲဖြစ်သည်။ ခရစ်တော်၌ရှိသူများ သည် ထာဝရတရားစီရင်ခြင်းမှ လုံးဝလွတ်မြောက်ရန် ရည်ရွယ်ထားသည်။ သို့သော် ပဋိညာဉ်သစ္စာ စောင့်သိရန် ခေတ်ကာလတစ်လျှောက် အသင်းတော်အတွက် အရေးကြီးနေသေးသည်။

တစ်ဖက်တွင်မူ၊ စစ်မှန်သောယုံကြည်သူများသည် ၎င်းတို့၏ ဘုရားသခင်အပေါ်ဆည်းကပ်မှု၌ ကြီးထွားရန်လိုအပ်နေသေးသည်။ ဟေဗြဲ ၁၂:၁၄ ကဲ့သို့သော ကျမ်းပိုဒ်များ၏သတိပေးချက်များကို သူတို့ နှလုံးသွင်းထားရန်လိုအပ်သည်– "ငြိမ်သက်ခြင်းကိုလည်းကောင်း …သန့်ရှင်းခြင်းပါရမီမရှိလျှင်၊ အဘယ်သူမျှ ထာဝရဘုရားကိုမဖူးမမြင်ရ" တစ်ဖက်တွင်၊ ကျွန်ုပ်တို့တွင်ရှိနေသော ညီအစ်ကိုဖြစ်ယောင် ဆောင်သောသူများသည် နောင်တရပြီး ကယ်တင်ခြင်းရရှိရန်အတွက် သူတို့ကိုသတိပေးရန်လိုအပ်သည်။ ဟေဗြဲ ၁၀:၂၆၊ ၂၇ တွင် "အကြောင်းမူကား သမ္မာတရားကိုသိပြီးမှ ကိုယ်အလိုသို့လိုက်၍ ပြစ်မှားပြန် လျှင်၊ နောက်တစ်ဖန် အပြစ်ဖြေသောယဇ်ကို ပူဇော်ရာအခွင့်မရှိဘဲ၊ ဒဏ်စီရင်ခြင်းကိုခံရမည်ဟု ကြောက်မက်ဖွယ်သော မျှော်လင့်ရသောအကြောင်း၊ ငြင်းဆန်သောသူတို့ကိုဖျက်ဆီးဖို့ရာ [ဘုရားသခင်] ၏အမျက်တော်မီးလောင်ခြင်းကို ခံရသောအကြောင်းရှိ၏"

> ပဋိညာဉ်သစ္စာစောင့်သိမှုနှင့် အသစ်ပြန်လည်ပြုခြင်းဆိုင်ရာ
> အဓိကအကြောင်းအရာသည် ယောရှုမှတ်စာတွင် အရေးကြီးသော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အကြောင်းအရာများထဲမှတစ်ခုဖြစ်သည်။ ယောရှုမှတ်စာတွင် လူများကိုယောရှုဦးဆောင်၍ စစ်တိုက်၍ပြီးသည့်အခါတိုင်းနီးပါး၊ ပဋိညာဉ်၏အကြောင်းအရာကို ထပ်မံအသိပေးရန်နှင့် သခင်ဘုရားအား သစ္စာစောင့်သိသည့်အခမ်းအနားကို ကျင်းပလေ့ရှိသည်ကို တွေ့ရသည်။ ဤအကြောင်းအရာသည် ကျွန်ုပ်တို့အတွက် အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည်သခင်ဘုရားနှင့် ပဋိညာဉ်ဖွဲ့ထားခြင်း— ခရစ်တော်၏အသွေးတော်အားဖြင့်ပြုခဲ့သောပဋိညာဉ်အသစ် ကြောင့်ဖြစ်သည်။ ပဋိညာဉ်သစ္စာစောင့်သိခြင်း၏အကြောင်းအရာသည် သခင်ဘုရား၏ ကရုဏာတော်၊ ကျေးဇူးတော်နှင့် သခင်ဘုရားပြုတော်မူသည့်အရာနှင့် သက်ဆိုင်သည်။ ထို့ကြောင့်၊ ထာဝရဘုရားသည် ဣသရေလလူမျိုးအား ကရုဏာပြပြီး ကတိတော်များကိုပြည့်စုံစေသည်နှင့်အမျှ၊ ပဋိညာဉ်အချိန်အတွင်း ဘုရားသခင်အပေါ် သစ္စာစောင့်သိမှုအရေးကြီးကြောင်းကို လူတို့အား သတိပေးရန် ယောရှုအတွက်အရေးကြီးသည်။ တူညီသောအချက်မှာ ကျွန်ုပ်တို့နှင့်လည်း သက်ဆိုင်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကရုဏာတော်ကို ခရစ်တော်၌ပြတော်မူပြီး၊ ကိုယ်တော်၏ ကျေးဇူးတော်လုပ်ငန်းအားဖြင့် ကျွန်ုပ်တို့ကယ်တင်ခြင်းရရှိပါသည်။ ရလဒ်အနေဖြင့် ကျွန်ုပ်တို့သည် သခင်ဘုရားအပေါ် သစ္စာရှိရမည်ဖြစ်ပြီး၊ ၎င်းကို သခင်ဘုရား၏အမိန့်တော်နှင့် စည်းမျဉ်းစည်းကမ်းများကိုနာခံမှု၌ ပြသင့်သည်။ ကျွန်ုပ်တို့သည် နာခံမှု၊ ယုံကြည်မှုနှင့် သစ္စာစောင့်သိမှုဖြင့် အသက်ရှင်သည့်အခါ၊ အစကတည်းက ကျွန်ုပ်တို့အတွက် ဘုရားသခင် လုပ်ဆောင်ပေးခဲ့သော အရာများအတွက် ကျေးဇူးတင်ကြောင်း ဖော်ပြခြင်းဖြစ်သည်။ ဘုရားသခင်သည် ကောင်းချီးမင်္ဂလာများနှင့် ကရုဏာများပြခြင်းဖြင့် ပဋိညာဉ်ကိုအစပြုသူဖြစ်ပြီး၊ ပဋိညာဉ်၏အကြောင်းအရာများကို နာခံမှုနှင့် သစ္စာစောင့်သိမှုဖြင့် ဤကောင်းချီးမင်္ဂလာများနှင့် ကရုဏာတော်များကို ကျွန်ုပ်တို့တုံ့ပြန်ပါသည်။

**Rev. Sherif Gendy**

# ပြီးပြည့်စုံခြင်း

ခရစ်တော်၏နိုင်ငံတော်စတင်တည်ထောင်ခြင်းနှင့် ဆက်လက်တည်မြဲခြင်းကို ယောရှုမှတ်စာတွင် ခရစ်ယာန်ရှုထောင့်မှ မည်သို့လက်တွေ့အသုံးပြုသည်ကို တွေ့မြင်ပြီးနောက်၊ နိုင်ငံတော်၏ပြီးပြည့်စုံခြင်း ကို အကျဉ်းချုံး၍ကြည့်သင့်ပါသည်။ ခရစ်တော်၏အနာဂတ်နှင့် နောက်ဆုံးပြည့်စုံခြင်းဆိုင်ရာ ကျွန်ုပ်တို့ ၏မျှော်လင့်ချက်ကို ယောရှုမှတ်စာအရ မည်သို့ကျင့်သုံးသင့်သနည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## သိမ်းပိုက်အောင်မြင်ခြင်း

ခရစ်တော်၏နိုင်ငံတော်ပြီးပြည့်စုံခြင်းသည် ကမ္ဘာလုံးဆိုင်ရာသိမ်းပိုက်အောင်မြင်ခြင်း၏ ကြီးကျယ်ခမ်းနားသော နောက်ဆုံးအဆင့်ဖြစ်ကြောင်း ဓမ္မသစ်ကျမ်း၏ဖော်ပြချက်သည် သံသယဖြစ်ဖွယ်မရှိပါ။ ကိုယ်တော်သည် စာတန်နှင့် နတ်ဆိုးများကို အကြွင်းမဲ့အနိုင်ယူလိမ့်မည်။ ယေရှုသည် ဘုန်းတန်ခိုးအားဖြင့် ပြန်လည်ကြွလာသောအခါ၊ မယုံကြည်သူများအပေါ်ထားသော ဘုရားသခင်၏ ကရုဏာတော်အချိန်သည် ကုန်ဆုံးလိမ့်မည်။ ထိုအချိန်တွင်၊ ယောရှုခေတ်၌ ခါနာန်အပေါ် ဘုရားသခင်၏ တရားစီရင်ခြင်းအား ဘုရားသခင်၏လူသားရန်သူများအပေါ် သခင်ယေရှု၏တရားစီရင်ခြင်းနှင့်နှိုင်းယှဉ် လျှင်သေးငယ်ပုံရသည်။ ဗျာဒိတ် ၁၉:၁၄၊ ၁၅ တွင် "ကောင်းကင်ဗိုလ်ခြေတို့သည် … [နောက်တော်သို့] လိုက်ကြ၏… လူမျိုးတို့ကိုဒဏ်ခတ်စရာဖို့ ထက်သောသန်လျက်သည် ခံတွင်းတော်ထဲကထွက်၏"ဟု ဖတ်ရသည်။

## လူမျိုးစုအမွေဆက်ခံခြင်းများ

မှန်ပါသည်၊ ခရစ်တော်သည် သူ၏နိုင်ငံတော်ပြီးပြည့်စုံချိန်တွင် ပြန်လည်ကြွလာသောအခါ၊ ကိုယ်တော်၏ကမ္ဘာလုံးဆိုင်ရာအမွေ—သူ၏အရာအားလုံးကို အမွေဆက်ခံခြင်းအခွင့်အရေး—ကို အပြည့်အဝရရှိမည်ဖြစ်သည်။ ဗျာဒိတ် ၁၁:၁၅ တွင် ကျွန်ုပ်တို့ဖတ်ရသည့်အတိုင်း "လောကီနိုင်ငံသည် ငါတို့အရှင်၏နိုင်ငံဖြစ်လေပြီ၊ ထိုအရှင်၏ခရစ်တော်နိုင်ငံဖြစ်လေပြီ" ဟုဖော်ပြထားသည်။ ဤကမ္ဘာလုံးဆိုင်ရာနိုင်ငံတော်အား ခရစ်တော်နောက်လိုက်သူအားလုံးကို ပေးဝေမည်ဖြစ်သည်။ မဿဲ ၂၅:၃၄ အရ၊ နောက်ဆုံးတရားစီရင်သည့်နေ့တွင်၊ "ထိုအခါ လက်ယာတော်ဘက်၌ရှိသောသူတို့အား မင်းကြီးက၊ ငါ့ခမည်းတော်ထံကောင်းချီးမင်္ဂလာကိုခံသောသူတို့ 'ကမ္ဘာဦးကပင် သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကို လာ၍အမွေခံကြလော'"ဟုဖော်ပြထားသည်။

## ပဋိညာဉ်သစ္စာစောင့်သိခြင်း

ဘုရားသခင်၏လူများကို ပဋိညာဉ်သစ္စာစောင့်သိရန် ခေါ်ဆိုသောသတိပေးချက်များသည် ခရစ်တော်၏နိုင်ငံတော်ပြီးပြည့်စုံချိန်၌သာ အဆုံးသတ်မည်ဖြစ်သည်။ ခရစ်တော်ပြန်လည်ကြွဆင်းလာသောအခါ၊ ကယ်တင်ခြင်းသို့ရောက်သောယုံကြည်ခြင်း မရှိကြသူများသည် ဘုရားသခင်၏ထာဝရ တရားစီရင်ခြင်းကို ကြုံတွေ့ကြမည်ဖြစ်သည်။ စစ်မှန်သောယုံကြည်သူအားလုံးသည် ပဋိညာဉ်တရားသစ်၏ကောင်းချီးမင်္ဂလာများပြည့်စုံမည့် ဖန်ဆင်းခြင်းအသစ်သို့ ဝင်ရောက်ကြမည်ဖြစ်သည်။ ဗျာဒိတ် ၂၂:၃ ကထိုအချိန်တွင် "နောက်တဖန်ကျိန်ခြင်းဘေး တစ်စုံတစ်ခုမျှမရှိ။ ထိုမြို့၌ ဘုရားသခင်နှင့်သိုးသငယ်၏ပလ္လင်တော်ရှိ၍၊ ဘုရားသခင်၏ကျွန်တို့သည် ဘုရားဝတ်ကိုပြုကြလိမ့်မည်"ဟုဖော်ပြထားသည်။

အမှန်တကယ်တွင်၊ ခရစ်တော်သည် သူ၏နိုင်ငံတော်စတင်တည်ထောင်ခြင်း၊ ဆက်လက်တည်မြဲမှုနှင့် ပြီးပြည့်စုံခြင်းကို ယောရှုမှတ်စာ၏အကြောင်းအရာများတွင် မည်သို့ပြည့်စုံစေသည်ကို ဓမ္မသစ်ကျမ်းသည် ကျွန်ုပ်တို့ကိုသတိရစေသည်။ ကျွန်ုပ်တို့သတိရသည့်အခါ၊ ယောရှုခေတ်တွင် ဣသရေလ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လူမျိုး၏သိမ်းပိုက်အောင်မြင်ခြင်း၊ အမွေဆက်ခံမှုနှင့် ပဋိညာဉ်သစ္စာစောင့်သိမှုသည် ခရစ်တော်၏ ပထမကြွလာခြင်းတွင် အစပြုခဲ့သည့်အံ့ဖွယ်ရာနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏အသိဉာဏ်ကို တိုးပွားစေပါသည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏အသက်တာ၏နေ့ရက်တိုင်းတွင် ဘုရားသခင်အားမည်သို့အစေခံရမည်ကိုသင်ကြားပေးပါသည်။ ထို့နောက် ၎င်းတို့က သမိုင်း၏နောက်ဆုံးအဆင့်သည် သိမ်းပိုက်အောင်မြင်ခြင်းပြီးမြောက်သောအခါ၊ ဖန်ဆင်းခြင်းအသစ်၏အမွေသည် ကျွန်ုပ်တို့၏အမွေဖြစ်မည်ဟုဖော်ပြပြီး၊ ခရစ်တော်၌ဘုရားသခင်၏သစ္စာစောင့်သိသောပဋိညာဉ်လူများအဖြစ် ကျွန်ုပ်တို့သည် သက်သေထူမည်ဖြစ်သည်။

# နိဂုံး

"ယောရှုမှတ်စာမိတ်ဆက်" တွင်၊ အရေးကြီးသောပြဿနာသုံးခုကို ကျွန်ုပ်တို့တင်ပြခဲ့သည်။ ဦးစွာ၊ ကျမ်း၏ရေးသားသူနှင့် ရေးသားချိန်များနှင့်ပတ်သက်၍ အစဉ်အလာ၊ ဝေဖန်ဆန်းစစ်မှုနှင့် ဧဝံဂေလိယုံကြည်သူရှုမြင်ချက်များကို လေ့လာခဲ့သည်။ ဒုတိယ၊ ကျမ်း၏အကြောင်းအရာနှင့် ဖွဲ့စည်းတည်ဆောက်ပုံအပြင် ၎င်း၏မူလအဓိပ္ပာယ်ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ယောရှုမှတ်စာတွင်ပါဝင်သောအကြောင်းအရာနှင့် ရည်ရွယ်ချက်ကို ဆန်းစစ်ခဲ့သည်။ တတိယအနေနှင့်၊ ဘုရားသခင်၏ဘုန်းကြီးသောနိုင်ငံတော်စတင်တည်ထောင်ခြင်း၊ ဆက်လက်တည်မြဲမှုနှင့် ပြီးပြည့်စုံခြင်းတွင် ယောရှုမှတ်စာ၌ ဖော်ပြထားသောမျှော်လင့်ချက်များကို ခရစ်တော်၏ဖြည့်ဆည်းပေးပုံကို ကြည့်ရှုခြင်းဖြင့် ခရစ်ယာန်ရှုထောင့်မှလက်တွေ့အသုံးပြုခြင်းအချို့ကို ကျွန်ုပ်တို့လေ့လာခဲ့ပါသည်။

ယောရှုမှတ်စာက ရှေးခေတ်ဣသရေလတို့သည် စိန်ခေါ်မှုများကိုရင်ဆိုင်ရစဉ် ယောရှုအားဖြင့် သူတို့အတွက် ဘုရားသခင်လုပ်ဆောင်ပေးခဲ့သည့်အရာများကို ပြန်လည်သတိရစေသည်။ ယနေ့ ကျွန်ုပ်တို့၏ဘဝတွင် တူညီသောစိန်ခေါ်မှုများကို နည်းလမ်းများစွာဖြင့် ရင်ဆိုင်နေကြရပါသည်။ သို့သော် ဤစာစဉ်တွင်တွေ့ရသည့်အတိုင်း၊ ယောရှုမှတ်စာသည် ဣသရေလလူမျိုးများအား သူတို့၏ခေတ်၌ ဘုရားသခင်လုပ်ဆောင်နေသည့်အရာများကြောင့် သူတို့၏ဖွဲ့လုံလကို အသစ်ပြန်စရန် အခွင့်အရေးပေးခဲ့သည်။ ထို့အပြင် သင်နှင့်ကျွန်ုပ်တို့အားလည်း အသစ်ပြန်လည်ပြုရန်အတွက် အခွင့်အရေးများပေးပါသည်။ ဤကျမ်းအကြောင်း ပိုမိုသိရှိလာသည်နှင့်အမျှ၊ ဓမ္မဟောင်းကျမ်းတွင် ယောရှုမှတစ်ဆင့် ဘုရားသခင်ပြုခဲ့သည့်အရာများကို သိရှိနားလည်ရုံသာမက၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏ကြီးမြတ်သောယောရှု၊ ကယ်တင်ရှင်ယေရှုအားဖြင့် ပြီးမြောက်အောင်မြင်စေခဲ့မှု၊ ပြီးမြောက်အောင်မြင်စေနေမှုနှင့်ပြီးမြောက်အောင်မြင်စေမည့်အရာများကိုလည်း ကျွန်ုပ်တို့သိရှိလာမည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။